မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မမြဲသောသဘောတို့ကိုသိ

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကို သိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၅၀)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၁၇)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✡

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာ

စာ » ၃

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြားမှ ရှန်းထွက်လာခဲ့ကြသည့် ကြယ်ပွင့်လေးများ

စာ » ၆

အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် SME Center ဖွင့်လှစ်

စာ » ၉

မြောက်ကိုရီးယားကို ပိုမိုပြင်းထန်သည့် ပိတ်ဆို့မှုများ ပြုလုပ်ရန် ထရန့်နှင့် တောင်ကိုရီးယားသမ္မတတို့ သဘောတူညီမှုရရှိ

စာ » ၁၄

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာသော ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးထိုးနှံ

မြောက်ဦး စက်တင်ဘာ ၁၇

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့မှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကလေးငယ်များအား စက်တင်ဘာ ၁၇ ရက်က ပိုလီယိုကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့ကြသည်။

အဆိုပါ ပိုလီယိုကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးသည့် နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုး၊ လေးမြို့စားကျေးရွာအုပ်ချုပ်ရေးမှူးတို့ သွားရောက်ကြည့်ရှုအားပေးပြီး မြောင်းဘွေကျေးရွာတိုက်နယ်ဆေးရုံမှ သူနာပြုဆရာမများက လေးမြို့စားကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ ၌ သွားရောက်ထိုးနှံပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် နေရပ်တိမ်းရှောင်လာသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ သားသမီးများမှ အသက်ငါးနှစ်အောက် ကလေးသူငယ်များကို သူနာပြုဆရာမများက ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ပြီး လေးမြို့စားဓမ္မာရုံအတွင်း ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေကြသော ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေ

"နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေ" ဟူသော မြန်မာဆိုရိုးစကား တစ်ခုရှိသည်။ နှုတ်အားဖြင့် မဆင်မခြင်ကျူးလွန်သော အပြုအမူကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်က ကာယကံမြောက်ကျူးလွန်သော အမှုထက် ပိုမိုပြင်းထန်ကာ အသက်အန္တရာယ်ပြုသည်အထိ ဆိုးရွားပြင်းထန်တတ်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

လူတို့သည် ကိုယ်ထိလက်ရောက်ပြုမူခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ တွေးတောကြံစည်ခြင်းစသည်ဖြင့် ကံသုံးပါးဟု ခေါ်ဆိုသော အပြုအမူသုံးမျိုးတို့ကို နေ့စဉ်ပြုလုပ်လေ့ရှိကြသည့်အနက် အလွယ်တကူ အကျူးလွန်ဆုံးသောပြစ်မှုမှာ ဝစီကံပြစ်မှုဖြစ်သည်။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်က ပြောကြားလိုက်သော စကားတစ်ခွန်းသည် ပြောသူနှင့် ကြားနာသူတို့ အကြားမှာသာ ပြီးဆုံးသွားခြင်းမရှိဘဲ ပြောကြားသူ၏ စေတနာနှင့် ရည်ရွယ်ချက်တို့အပေါ်မူတည်ကာ ကောင်းခြင်း၊ ဆိုးခြင်း စသည့်အကျိုးဆက်များလည်း ဖြစ်ပေါ်လာရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၆) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ကိစ္စများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးဖြစ်သူက လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ပြစ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုသော စကားလုံးများကို အဆင်ခြင်မဲ့ သုံးစွဲကာ မြန်မာနိုင်ငံအပေါ် အပြစ်ဖို့ပြောဆိုခဲ့သည်။ ဤသည်မှာ တူရကီဒုတိယဝန်ကြီးချုပ် ကျူးလွန်ခဲ့သောအမှားမျိုးကို နောက်တစ်ဦးက ထပ်မံကျူးလွန်ခဲ့ခြင်းဖြစ်ပြီး မသိ၍သွေးရိုးသားရိုး မှားယွင်းမှုထက် အဂတိတရားဖြင့် ရည်ရွယ်ချက်ရှိရှိ ပြုမူပြောဆိုခြင်းသာ ဖြစ်သည်ဟု ယူဆရန်ရှိသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က "ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသုံးနှုန်းခဲ့သော လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့်ပြစ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုသည့် စကားရပ်များတွင် ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲ အဓိပ္ပာယ်များရှိကြောင်း၊ ထိုစကားလုံးမှာ အလွယ်တကူ သုံးနှုန်းသင့်သည့် စကားလုံးများမဟုတ်ဘဲ အထူးသတိထားသုံးနှုန်းသင့်သည့် စကားများဖြစ်၍ ဥပဒေကြောင်းနှင့် တရားရေးဆိုင်ရာ လေ့လာသုံးသပ်ဆန်းစစ်မှုများအပေါ်တွင်သာ မူတည်အသုံးပြုသင့်ကြောင်း။

"ထိုကဲ့သို့ စကားလုံးများကို မဆင်မခြင်အထောက်အထားမဲ့ အသုံးပြုမှုသည် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် မီးလောင်ရာလေပင့်ခြင်း ဖြစ်ကြောင်း၊ ထိုစကားရပ်များသည် ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်နေရသည့် လူ့အသိုက်အဝန်းများအကြား ပိုမိုစိတ်ဝမ်းကွဲပြားမှုကို ဖြစ်စေသည့်အပြင် နိုင်ငံတကာအသိုက်အဝန်းမှ မြန်မာနိုင်ငံအပေါ် နားလည်မှုလွဲမှားစေနိုင်ကြောင်း" စသည်ဖြင့် တုံ့ပြန်ကန့်ကွက်ခဲ့ရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏ ဖုံးမနိုင်ဖိမရသည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းအချို့က ကနဦးတွင် ဝတ်ကျေတမ်းကျေမျှ ရှုတ်ချခဲ့ကြပြီးသည့်နောက်ပိုင်း အကြမ်းဖက်မှု၊ မီးရှို့မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှုစသည့်ခေါင်းစဉ်များကို မြန်မာအစိုးရနှင့် တပ်မတော်တို့အပေါ် တာဝန်ရှိသယောင် ထင်မြင်လာအောင် အထောက်အထားမဲ့ စွပ်စွဲခဲ့ကြသည်။ အစွန်းရောက်အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုကြောင့် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခံရသူ၊ သတ်ဖြတ်ခံရသူ၊ နေရပ်ကိုစွန့်ခွာထွက်ပြေးရသူ ဒေသခံတိုင်းရင်းသားများတို့၏ အသံများ၊ ဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းစွာနေလိုသူ အစ္စလာမ်ဘာသာဝင်ပြည်သူတို့၏ အသံများကို မကြားယောင်ပြုကာ လျစ်လျူရှုခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ၊ လူသားတစ်ရပ်လုံးဆိုင်ရာ တာဝန်ယူထားသူများအနေဖြင့် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသည့် အဂတိတို့မှခွာ၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစာရီတရားတို့ဖြင့် လူသားအားလုံး၏ မျက်နှာကိုကြည့်ကြစေလိုပါကြောင်း။ ။

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။

အိုဇုန်းလွှာကိုကာကွယ်ရေး နိုင်ငံသားတိုင်း စိတ်အားထက်သန်စွာပူးပေါင်းပါဝင်ကြရမည်

မော်လမြိုင် စက်တင်ဘာ ၁၇

ခရမ်းလွန်ရောင်ခြည် ကျရောက်မှု အညွှန်းကိန်းမြင့်မားသော နိုင်ငံများတွင် မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအဖြစ် အပါအဝင်ဖြစ်သောကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ စိတ်အားထက်သန်စွာဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

အိုဇုန်းလွှာ ပျက်စီးလာသည်နှင့်အမျှ ခရမ်းလွန်ရောင်ခြည်များသည် မြေပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်လာမည်ဖြစ်ပြီး အိုဇုန်းလွှာတစ်ရာခိုင်နှုန်း ပျက်စီးလျှင် မြေပြင်တွင် ခရမ်းလွန်ရောင်ခြည် တစ်ရာခိုင်နှုန်းတိုးပွားလာမည်ဖြစ်ကြောင်း၊ လူသားများကို အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲရောဂါနှင့် ခုခံအားကျဆင်းခြင်း၊ သီးနှံထွက်ကျဆင်းခြင်း၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးကာ ဆိုးကျိုးများ တိုက်ရိုက်ကျရောက်စေနိုင်သောကြောင့် အိုဇုန်းလွှာထိန်းသိမ်းရေးသည် အရေးတကြီး လိုအပ်လာနေပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ကျင်းပသော အခမ်းအနားတွင် အိုဇုန်းလွှာပျက်စီးမှု ဆိုးကျိုးနှင့် ထိန်းသိမ်းရန်အရေးပါပုံကို ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က ရှင်းပြသည်။

"မြန်မာနိုင်ငံမှာ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေကို ထုတ်လုပ်မှုရော၊ တင်ပို့မှုပါ မရှိပါဘူး။ ပြည်တွင်းမှာ သုံးဖို့ ပြည်ပကနေ တင်သွင်းတာပဲရှိပါတယ်။ ကလိုရိုဖလူရိုကာဗွန် တင်သွင်းမှုကိုလည်း ၂၀၀၇ ခုနှစ်ကစပြီး ရပ်ဆိုင်းထားပြီးဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်တွေအတွက် ကမ္ဘာ့လေထုအတွင်းမှာ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းများ ကင်းဝေးစေဖို့နဲ့ပြောင်းလဲလာတဲ့ ရာသီဥတုကို ပြန်လည်ထိန်းသိမ်းပေးနိုင်ဖို့ ၂၀၁၇ ခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော "နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့" ဆိုတဲ့ အတိုင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုရေရှည်အာမခံပေးနိုင်တဲ့ ပတ်ဝန်းကျင်ဖြစ်လာဖို့ အားလုံးပူးပေါင်း ပါဝင်ကြစေလိုပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက တိုက်တွန်းပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦး၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါက်တာ မင်းကြည်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြတ်မွန်ထွေး**

တီးတိန်-ရိဒ်ခေါဒါရ် နှင့် ဖလမ်း-ရိဒ်ခေါဒါရ်လမ်းပိုင်းတချို့ပျက်စီးမှုအား အကြီးစားပြုပြင်မည်ဖြစ်၍ ကုန်တင်ကားများ ဖြတ်သန်းသွားလာခွင့် ခေတ္တပိတ်ထားမည်

ရိဒ်ခေါဒါရ် စက်တင်ဘာ ၁၇

ချင်းပြည်နယ်ကိုဖြတ်သန်း၍ အိန္ဒိယနိုင်ငံသို့ ကူးသန်းသွားလာရာတွင် အဓိက ကုန်းလမ်းကြောင်းဖြစ်သည့် တီးတိန်-

ရိဒ်ခေါဒါရ်နှင့် ဖလမ်း-ရိဒ်ခေါဒါရ်လမ်း နှစ်ခုကို မိုးရာသီအတွင်းလမ်းများ ပျက်စီးခြင်းအား အကြီးစားပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် ကုန်တင်ကားများ ဖြတ်သန်းသွားလာခြင်းကို စက်တင်ဘာ တတိယပတ်မှ ရက်သတ္တနှစ်ပတ်ကျော်အကြာ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကြောင်းနှစ်ခုသည် ယခုနှစ်မိုးရာသီကာလအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းပိုင်းတချို့ဆိုးရွားစွာ ပျက်စီးလျက်ရှိသဖြင့် ချင်းပြည်နယ် လမ်းဦးစီးဌာန၏ စီစဉ်မှုဖြင့် အများပြည်သူနှင့် ခရီးသွားကုန်သည်များ စိတ်အေးချမ်းပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စက်တင်ဘာ ၁၈ ရက်မှစတင်၍ အကြီးစားလမ်းပြုပြင်ခြင်းလုပ်ငန်းကို ၁၅ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်၍ လမ်းပြုပြင်စဉ် ကာလအတွင်း ကုန်တင်ကားများ (ဟိုင်းမွာလ်ဂျစ်ကားအပါအဝင်) အား ဖြတ်သန်းသွားလာခွင့်ပြုမည်မဟုတ်ကြောင်းနှင့် လူစီးယာဉ်ငယ်များကိုမူ လမ်းသွားလာမှု အဆင်ပြေချောမွေ့စေရန် အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ချင်းပြည်နယ် လမ်းဦးစီးဌာနမှ မိဘပြည်သူများသို့ အသိပေးထားသည်။

ရိဒ်ခေါဒါရ်မြို့သည် တီးတိန်မြို့မှ ၃၂ မိုင်ခန့် ဖလမ်းမြို့မှ ၆၄ မိုင်ခန့်အကွာရှိ နယ်စပ်ကုန်သွယ်ရေး စခန်းရှိသည့် နယ်စပ်မြို့တစ်ခုဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ်။ တို့တွေရှုသွင်း၊ လေသန့်ရှင်း၊ မခြင်းရမှာ၊ တောကသာ

ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၀၀၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉	·၀
ဥရောပ	တစ်ယူရို	၁၆၂၀	·၁
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅	·၀
ထိုင်းဘတ်	တစ်ဘတ်	၄၀	·၉
အိန္ဒိယ	တစ်ရူပီး	၂၁	·၁
တရုတ်	တစ်ယွမ်	၂၀၇	·၈၄
မလေးရှား	တစ်ရင်းဂစ်	၃၁၉	·၉

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
စာတည်းမှူး	- ဝင်းရွှေ
စာတည်းမှူး	- မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	- မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီဒွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ	- တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာ

ဆိုးလ် စက်တင်ဘာ ၁၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် သံရုံးမှတာဝန်ရှိသူများက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်ထွက်ခွာ

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကိုရီးယားလေကြောင်းလိုင်းဖြင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် သံရုံးမှတာဝန်ရှိသူများက ကြိုဆိုစဉ် (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး မြင့်သိန်းနှင့် ကိုရီးယားတပ်မတော်မှ အမှတ်(၃)တပ်မ၊ ဒုတိယတပ်မမှူးဖြစ်သူ ဗိုလ်မှူးချုပ် လီဂူဂျွန်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိပြီး စစ်သံရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအား လက်ရှိရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် အခြေအနေမှန်များကို ရှင်းလင်းပြောကြားသည်။

ညပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ခေတ္တတည်းခိုရာ Grand Hyatt Hotel ၌ ကိုရီးယားကြည်းတပ်ဦးစီးချုပ် (အငြိမ်းစား) ဗိုလ်ချုပ်ကြီး ဂျန်ဂျင်ဂူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် (သတင်းစဉ်)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Qin Min နှင့်အဖွဲ့သည် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံသို့ တက်ရောက်ပြီး ယနေ့နံနက်၁၀နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မောင်တောဒေသ ပြည်သူများအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းဆင်းများက စုပေါင်းပြီး အလှူငွေလှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၇

ဘူးသီးတောင်နှင့် မောင်တောမြို့တို့၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒေသခံတိုင်းရင်းသားများအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း) တို့မှ ကျောင်းဆင်းများက ငွေကျပ် ၃၈ သိန်းကျော်ကို တာဝန်ရှိသူများထံ ယနေ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မောင်တောမြို့နယ် လေးမိုင်ရပ်ကွက် ယာယီကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် ခုနစ်သိန်း၊ သုံးမိုင်ရပ်ကွက်ရှိ ဓာတ်ပေါင်းစုပရဟိတဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် နှစ်သိန်း၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းအတွက်ငွေကျပ်ငါးသိန်း၊ ဗိမာန်အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီ ယာယီကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် ခြောက်သိန်း၊ မြို့မကျောင်းရှိ နန္ဒသာတောင်ပရဟိတဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ကျောင်းသားကျောင်းသူများအတွက် ငွေကျပ် သုံးသိန်းခွဲ၊ ဘူးသီးတောင်မြို့နယ် အမှတ်(၂)ရပ်ကွက် လမ်းမဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် ငါးသိန်း၊ အမှတ် (၄)ရပ်ကွက် သုဓမ္မာရုံဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် ငါးသိန်း၊ အမှတ်(၅)ရပ်ကွက် ရွှေကျင်ဘုန်းတော်ကြီးကျောင်းတိုက် ယာယီကယ်ဆယ်ရေးစခန်းအတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

"ကျွန်တော်တို့ စစ်တွေမှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ကျောင်းဆင်းတွေကနေ ဦးဆောင်ပြီး အစိုးရဌာန လုပ်ငန်းခွင်အသီးသီးမှာ ရောက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ ကျောင်းသားတွေကို ဆက်သွယ်အကြောင်းကြားပြီး တတ်နိုင်သလောက် လှူဒါန်းကြဖို့ ဆော်သြပါတယ်။ အကြမ်းဖက်ခံရမှုကြောင့် ဒုက္ခရောက်နေတဲ့ တိုင်းရင်းသားတွေအတွက် ကျွန်တော်တို့ တတ်နိုင်သလောက် စုပေါင်းလှူဒါန်းကြတာပါ" ဟု ကျောင်းဆင်းတစ်ဦးဖြစ်သူ ဦးသန်းဇော်က လှူဒါန်းမှုနှင့်ပတ်သက်၍ ပြောသည်။

ဝင်းမင်းစိုး(မြန်/ဆက်)

✡ ရှေ့စာမှ

ထို့နောက် အခမ်းအနားမှူးက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၇)အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက တင်ပြပြီး ဗဟိုပညာရေးအဖွဲ့ (၂/၂၀၁၇)အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်း၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ (၂၃)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့ခံယူမည့် ရဟန်းတော်များ စာရင်းအတည်ပြုရေးကိစ္စတင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၁၇) အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး လှည့်လည်ကြည့်ရှု

စစ်တွေ စက်တင်ဘာ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့်ထွက်ခွာပြီး ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးရေး၊ လမ်း၊

တံတားနှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရသေ့တောင်မြို့နယ် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)က ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်၌ ရသေ့တောင်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည် ပေ ၈၀၀ရှိ ရသေ့တောင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ရသေ့တောင်မြို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၆၆/၁၁ ကေဗွီ (5 MVA) ဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံ အမြန်တည်ဆောက်နိုင်ရေးအတွက် ဒေသခံအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ပုဏ္ဏားကျွန်း - ရသေ့တောင် -ဘူးသီးတောင် လမ်းပေါ်၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသည့် အရှည် ပေ ၆၀၀ရှိ စိုင်တင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားတည်ဆောက်ရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ကာ ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့် တွေ့ဆုံကာ နယ်စပ်ဒေသလမ်းတံတားနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေး၊ နယ်စပ်ခြံစည်းရိုးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ဘူးသီးတောင်မြို့မှ ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိပြီး နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်တံတားအခြေအနေနှင့် နယ်စပ်ခြံစည်းရိုးကာရံထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်ပြိုလက်ဝဲမြို့၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဆိုလာမီးအိမ်များနှင့် ဖယောင်းတိုင်ထုပ်များကို ထောက်ပံ့ပေးအပ်သည်။

(သတင်းအဖွဲ့)

တောင်သူများ စိုက်ပျိုးရေအပြည့်အဝရရှိသုံးစွဲနိုင်ရေး အင်းကနက်ကန်ကြီးကို ပြန်လည်တူးဖော်မည်

သာစည် စက်တင်ဘာ ၁၇

သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ် ကျီးခွကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ စိုက်ပျိုးရေအပြည့်အဝ ရာသီမရွေးရရှိခံစားနိုင်ရေးအတွက် တောင်သူများကို အကျိုးပြုနေသည့် အင်းကနက်ကန်ကြီးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရေသိုလှောင်နိုင်မှု ကောင်းမွန်စွာရရှိရေးအတွက် ပြန်လည်ပြုပြင်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

အင်းကနက်ကန်ကြီးသည် ကန်ပေါင်အလျားပေ ၄၃၀၀ လက်ရှိကန်ပေါင်အမြင့် ခုနစ်ပေနှင့် ကန်ပေါင်ထိပ်ပြင်အကျယ် ရှစ်ပေခန့်ရှိသော ကြီးမားသည့် အင်းကန်ကြီးတစ်ကန်ဖြစ်သည်။ ယခုနှစ်မိုးစပါးစိုက်ချိန်တွင် ယင်းကန်အတွင်းရှိ ရေဖြင့် စိုက်ပျိုးမြေဧရိယာ ၉၆၈ ဧက ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်းကနက်ကန်ကြီးသည် ကြီးမားသည့် ကန်ကြီးဖြစ်သည့်အတွက် နှစ်ကာလကြာမြင့်လာသည့်အချိန်တွင် ကန်အတွင်းသို့ သဲနုန်းများပို့ချလာသောကြောင့် ယခုအခါ ကန်ကြီးမှာ တိမ်ကောလာနေသည်ကို တွေ့ရသည်။ ထို့အပြင် ကန်ကြီးမှာလည်း ကန်ပုံစံကျမရှိတော့ဘဲ နိမ့်ကျပျက်စီးနေသည်ကို တွေ့ရသည့်အပြင် ကန်အတွင်းသို့ စွေ့ချောင်းမှ ရေသွယ်ယူရန်ဖောက်လုပ်ထားသော အလျားပေ ၃၅၀၀ ရှိသည့် ရေသွယ်မြောင်းမှာလည်း တိမ်ကောပျက်စီးနေသည့်အတွက် ရေရှည်တွင် ကန်ကြီး တိမ်ကောပျက်စီးသွားမည်ကို ဒေသခံကျေးရွာ တောင်သူဦးကြီးများက စိုးရိမ်မှုရှိနေကြသည်။ ယင်းအင်းကနက်ကန်ကြီးသည် သာစည်မြို့နယ်တောင်ဘက် ညောင်ရမ်းတိုက်နယ် မကျီးခွကျေးရွာအုပ်စုအတွင်း၌ တည်ရှိသော အင်းကန်ကြီးတစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အင်းကနက်ကန်ကြီး မပျက်စီးစေရေးနှင့် ဒေသခံတောင်သူများ စိုက်ပျိုးရေကို ရာသီမရွေး ရရှိခံစားသုံးစွဲနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း ၉၀၀ ဖြင့် အင်းကန်ကြီးအတွင်းရှိ သဲနုန်းများကို ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်ပုံစံကျမြှင့်တင်ခြင်း၊ အလျားပေ ၃၅၀၀ ရှိသည့် ရေသွယ်မြောင်းအား ပုံစံကျပြန်လည်တူးဖော်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး ပြန်လည်ပြုပြင်မှုဆောင်ရွက်ပြီးစီးသွားပါက လက်ရှိကန်ရေသောက်ဧရိယာ ၉၆၈ ဧက ကို စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်မည့်အပြင် ကန်အောက်ဘက်ရှိ မြေဧရိယာ ၁၀၀၀၀ ကိုလည်း ကန်အတွင်း ရေဝင်ရောက်မှု၊ သိုလှောင်နိုင်မှုအပေါ်တွင်မူတည်၍ မိုးစပါးစိုက်ပျိုးရေကို တိုးချဲ့ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

မျိုးစေ့ထုတ်တောင်သူများအား မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု အဆင့်မြင့်စံပြလယ်ယာတွင် စိုက်ပျိုးလုပ်ကိုင်သော မျိုးစေ့ထုတ်တောင်သူများအား မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများကို စက်တင်ဘာ ၁၆ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးက မျိုးသန့်မျိုးစေ့ထုတ်တောင်သူများအား မျိုးကြဲပက်ခြင်းလုပ်ငန်းနှင့် စပါးစိုက်ပျိုးရေးဆိုင်ရာများဆွေးနွေးပြီး အရည်အသွေးမီ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များရရှိရန် ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းကို၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးထင်ဝင်းတို့က မျိုးစေ့ထုတ်တောင်သူများအား မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

နေပြည်တော် ဥတ္တရခရိုင်အတွင်း ၂၀၁၇-၂၀၁၈ မိုးစပါးရာသီတွင် မိုးစပါးနှင့် မိုးသီးနှံလျာထားချက်များ ပြည့်မီရန် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အပြင် ဒေသခံတောင်သူအစုအဖွဲ့တို့ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကာ စီးပွားဖြစ်စပါးမျိုးစေ့မျိုးသန့်များ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် မျိုးစေ့ထုတ်တောင်သူများအား စက်တင်ဘာ ၁၇ ရက်က စိမ်းစားပင်ကျေးရွာ တောင်သူပညာပေးစင်တာ၌ မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

မြန်မာ့ရုပ်မြင်သံကြား

၁၈-၉-၂၀၁၇(တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Sanchi" (India)
၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၃း၄၅ - သုခုမရင်ခွင် အငြိမ့်သဘင် **မောင်လူချော်တို့အဖွဲ့** မင်းသမီး- မြပန်းစံအိမ်၊ လူရွှင်တော်- အရှည်ကြီး၊ ပြည်ချစ်၊ ဗေကြီး၊ သားဦး၊ ကံထူး (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

ညပိုင်း

၁၅း၁၅ - Myanmar National League MNL MAX CEMENT 2017 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** (Zwekapin United FC နှင့် GFA FC)
၁၇း၃၀ - Yes or No Talk Show (ဖျော်ဖြေခြင်း သို့မဟုတ် ပညာပေးဖျော်ဖြေခြင်း) **(အပိုင်း-၁)**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ **မြနန်းစံကျော် ရွှေနန်းတော်ကြီး** (အပိုင်း-၁၆) (နန်းမြို့ရိုးတော်ကြီး)
- နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်အန်း** (အပိုင်း-၁၂)

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်မည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ် ကိုလေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Senior Apichart Choopavar၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူတို့က မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရားနှင့် ရွှေသာလျောင်းဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကမ္ဘောဇသာဒီနန်းတော်ကို သွားရောက်လေ့လာကြကာ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်မည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကြိုဆိုနှုတ်ဆက်ကြစဉ်

(သတင်းစဉ်)

သုံးခွမြို့ကျေးရွာသုံးရွာတွင် ပဲစိုက်ပျိုးတောင်သူများ အစုအဖွဲ့ဖွဲ့စည်း

သုံးခွ စက်တင်ဘာ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် "ကြက်တံဆိပ်" သိုလှောင်ရုံ၌ ခရိုင်စားသုံးသူရေးရာဦးစီးဌာနက သုံးခွမြို့နယ် ပဲစိုက်ပျိုးတောင်သူများအား အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းလုပ်ငန်း(ပထမအကြိမ်) ကျေးရွာသုံးရွာကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခန့်က ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးရွှေဖြူက ပဲစိုက်တောင်သူများအနေဖြင့်လည်း စဉ်ဆက်မပြတ် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်ရှိတဲ့ သီးနှံဖြစ်ရန်လိုကြောင်း၊ အစုအဖွဲ့အလိုက် စုပေါင်းရောင်းချမှုကြောင့်လည်း ရရှိလာမည့်အကျိုးစီးပွားများကြောင်း တင်ပြဆွေးနွေးခဲ့ပြီး ပဲစိုက်တောင်သူတစ်ဦးဖြစ်သူ ပျဉ်းမကန်ကျေးရွာနေ ဦးသိန်းကျော်က အစုအဖွဲ့လိုက် ပဲများစုပေါင်းရောင်းချခြင်းဖြင့်လည်း ပိုမိုအဆင်ပြေမှုများရှိလာမည်ဖြစ်ကြောင်း၊ အစုအဖွဲ့လိုက် ပဲဆေးသုံးစွဲဝယ်ယူရာတွင် အကျိုးအမြတ်များ ရရှိမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းမြင့်က GAP နည်းစနစ်အတိုင်း စိုက်ပျိုးရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ကျန် မရှိစေရေးနှင့် ပိုးသတ်ဆေးဥပဒေများကို ရှင်းလင်းအသိပညာပေးဟောပြောခဲ့ပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု အစုအဖွဲ့လိုက်ကို ဖွဲ့စည်းရာ ရေပေါ်ကန်ကျေးရွာ အစုအဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်စိန်၊ ဒုတိယခေါင်းဆောင် ဦးစိန်မြင့်၊ နံ့ယောကျေးရွာ အစုအဖွဲ့ခေါင်းဆောင် ဦးညွန့်၊ ဒုတိယခေါင်းဆောင် ဦးလှဝင်း၊ သခွန်ကုန်းကျေးရွာ အစုအဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်၊ ဒုတိယခေါင်းဆောင် ဦးဇော်လင်းတို့ကို အများဆန္ဒသဘောထားဖြင့် ရွေးချယ်ပေးခဲ့ကြသည်။

ကြည်စိုးလွင်(သုံးခွ)

မြန်မာ-ဗီယက်နမ်ပန်းချီပြပွဲ အမျိုးသားပြတိုက်တွင် ဝင်ကြေးအခမဲ့ပြသ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့်အနုပညာရပ်များ အပြန်အလှန် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာ-ဗီယက်နမ်ပန်းချီပြပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ဝင်ကြေးအခမဲ့ ပြသလျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားမှ သိရသည်။ **(အပေါ်ပုံ)**

ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Dr.LuanThuy Duong နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးအောင်နိုင်မြင့်တို့က တက်ရောက်အမှာစကား ပြောကြားကြသည်။

ပြပွဲကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြသသွားမည်ဖြစ်ကာ ဗီယက်နမ်နိုင်ငံမှ ပန်းချီဆရာ ၂၀ တို့၏ ပန်းချီ ကားပေါင်း ၂၉ ကားနှင့် မြန်မာနိုင်ငံမှ ပန်းချီဆရာ ၁၀ ဦးတို့၏ ပန်းချီကားပေါင်း ၂၃ ကား ပါဝင်ပြသထားကာ နှစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအငွေ့အသက်များ၊ တောတောင်ရေမြေသဘာဝ အလှရှုခင်းများကို Acrylic နှင့် ဆီဆေးတို့ဖြင့် ရေးဆွဲထားကြောင်း သိရသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပန်းချီပညာဌာန၊ ပါမောက္ခဌာနမှူး ဦးမြတ်ထွန်းအောင်က "လာကြည့်တဲ့ ပရိသတ်တွေအနေနဲ့ နှစ်နိုင်ငံရဲ့ ပန်းချီလက်ရာတွေကို နှိုင်းယှဉ်ခံစားနိုင်မှာဖြစ်ပါတယ်၊ ဗီယက်နမ်သံအမတ်ကြီးက ပန်းချီကို တော်တော်စိတ်ဝင်စားတယ်၊ ပန်းချီပြပွဲတွေ ဆက်လက်ပူးပေါင်းပြသဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောသည်။

ယခုပြသပွဲသည် တတိယအကြိမ်မြောက် ပူးပေါင်းပြသခြင်းဖြစ်ပြီး ပထမအကြိမ်က မေလတွင် မြန်မာပလာဇာ၌ လည်းကောင်း ဒုတိယအကြိမ်ပြပွဲကို Melia ဟိုတယ်၌ ဩဂုတ်လအတွင်းကလည်းကောင်း ပြသခဲ့ကြောင်း သိရသည်။

သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-မွန်မွန်

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေနှင့် အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၁၆ ရက်က ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး တွင် ချုံနွယ်၊ မြက်ပင်များနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြစဉ်

အေကေလင်း

အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၁၇

ငယ်ရွယ်သူအမျိုးသမီးငယ်များအကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးအတွက် စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးတို့က အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုးက လူကုန်ကူးခံရမှုဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက အမျိုးသမီးငယ်များ အကြမ်းဖက်ခံရခြင်းနှင့် လူကုန်ကူးခံရသောသတင်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အမြန်ဆုံး သတင်းပို့ဆက်သွယ်ရန်နည်းလမ်းများ ပြောကြားသည်။

ဆက်လက်၍ မြို့မစခန်းမှူး ဒုရဲမှူးခင်ဇော်နှင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဝေလွင်တို့က လူကုန်ကူးခံရခြင်းနှင့်ပတ်သက်၍ သိမ်းသွင်းစုဆောင်းခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း အကြောင်းအရာများကို အသိပညာပေးရှင်းလင်းပြောကြားပြီးနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါပြည့်စုံက ကလေးသူငယ်များနှင့် အမျိုးသမီးငယ်များအတွက် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအချက်အလက်များနှင့် အမျိုးသမီးငယ်များ အကြမ်းဖက်မှုမှကာကွယ်နိုင်ရန်အတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၇- မော်ဘီမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် ၄ ဒသမ ၀၉ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ ဒသမ ၈၁ လက်မ၊ ပဲခူးမြို့နှင့် ရန်ကုန်(ကမ္ဘာအေး)တို့တွင် ၃ ဒသမ ၆၆ လက်မစီ၊ သံတောင်ကြီးမြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၃ ဒသမ ၄၅ လက်မ၊ မင်္ဂလာဒုံမြို့နယ်တွင် ၃ ဒသမ ၄၂ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၃ ဒသမ ၁၉ လက်မ၊ ဟင်္သာတမြို့တွင် ၃ ဒသမ ၀၀ လက်မ၊ တမူးမြို့နှင့် မောင်တောမြို့တို့တွင် ၂ ဒသမ ၉၄ လက်မစီ၊ ဇလွန်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ လှိုင်းတက်မြို့တွင် ၂ ဒသမ ၈၇ လက်မနှင့် သာစည်မြို့တွင် ၂ ဒသမ ၈၅ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

ဘုရားသုံးဆူမြို့၌ ရော်ဘာသက်တမ်းအလိုက် မြေသြဇာကျွေးခြင်းနည်းပညာသင်တန်းပေး

ဘုရားသုံးဆူ စက်တင်ဘာ ၁၇

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့နယ် ပြောင်မထိမ်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာတွင် ဘုရားသုံးဆူမြို့စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာတစ်ဧက အထွက်နှုန်းတိုးတက်ရေး ရော်ဘာသက်တမ်းအလိုက် မြေသြဇာကျွေးခြင်းနည်းပညာသင်တန်းကို စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဘုရားသုံးဆူမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဝင်းက နည်းပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ရော်ဘာစိုက်တောင်သူများအနေဖြင့် မိုးနှောင်းမြေသြဇာကျွေးရမည့်အချိန်ဖြစ်ပြီး ရော်ဘာပင်များကို မြေသြဇာကျွေးရာ၌ NPKMg ပါဝင်သော မြေသြဇာမျိုးကို စနစ်တကျကျွေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ကျွေးရသည့် နှုန်းထားပမာဏနည်းစနစ်များကို စာတွေ့လက်တွေ့ဖြင့် ဆွေးနွေးပို့ချခဲ့ပြီး ရော်ဘာခြံရှင်များနှင့် မြေသြဇာကျွေးခြင်းနည်းစနစ်များနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို ရော်ဘာတစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးပြည့်မီသော ရော်ဘာများရရှိရေး၊ ရော်ဘာစိုက်တောင်သူများအနေဖြင့်မြေသြဇာကို စနစ်တကျကျွေးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရော်ဘာစိုက်တောင်သူနှင့် ခြံရှင်များစုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

ထိန်လင်းအောင်

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြားမှ ရုန်းထွက်လာခဲ့ကြသည့် ကြယ်ပွင့်လေးများ

သတင်းဆောင်းပါး - တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွှေး

ကျောင်းအုပ်ဆရာတော် ဦးစရဏ
နံ့သာတောင် အခမဲ့ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်း

"မင်္ဂလာပါတပည့်တို့၊ မင်္ဂလာပါဆရာကြီး"ဟု ညီညာထကြွစွာဖြင့် သံပြိုင်နှုတ်ဆက်လိုက်ပြီးနောက် စာဖတ်၊ စာအံသံများက မောင်တောမြို့ မြို့မကျောင်းမှနေ၍ အနီးပတ်ဝန်းကျင်သို့ လွင့်ပျံ့သွားသည်။

မင်္ဂလာရှိသော အဆိုပါ အပြန်အလှန် နှုတ်ခွန်းဆက်သံများသည် တခြားမဟုတ်။ မောင်တောမြို့ မြို့မကျောင်းတိုက်၌ နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသည့် တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်ကျေးရွာ နံ့သာတောင် အခမဲ့ပညာဒါနပရဟိတ ကျောင်းမှ ရွှေ့ပြောင်းလာသူ ကျောင်းသား ကျောင်းသူလေးများအား နံနက်ခင်းစာသင်ကြားချိန်မှ ထွက်ပေါ်လာခြင်းဖြစ်သည်ကို မမျှော်လင့်ဘဲ သိလိုက်ရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများက လုံခြုံရေးဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး တိုင်းရင်းသားကျေးရွာများကိုလည်း မီးရှို့ဖျက်ဆီးကြကာ ဒေသခံအချို့ကိုပါ သတ်ဖြတ်လာသည့်အတွက် ဒေသခံပြည်သူများသည် မိမိတို့၏ နေရပ်ကိုစွန့်ခွာပြီး ယာယီစခန်းများတွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ ထိုသို့ ဖျက်ဆီးခံရသည့် အထဲတွင် ရွာလုံးကျွတ်မီးလောင်သွားသည့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့မှ နံ့သာတောင်ကျေးရွာနှင့် နံ့သာတောင် အခမဲ့ပညာဒါန ပရဟိတဘုန်းတော်ကြီးကျောင်းလည်း ပါဝင်သွားခဲ့သည်။

နံ့သာတောင်ကျေးရွာသည် အိမ်ခြေ ၄၀ ကျော်နှင့် လူဦးရေ ၁၇၀ ခန့်ရှိပြီး မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အတွင်းရှိ တိုင်းရင်းသားများ သီးခြားနေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်ကာ မောင်တောမြို့နှင့် ၆၈ မိုင်အကွာတွင်ရှိသည်။

အဆိုပါ နံ့သာတောင် အခမဲ့ပညာဒါန ပရဟိတဘုန်းတော်ကြီးကျောင်းမှ မောင်တောမြို့ မြို့မဘုန်းကြီးကျောင်းစုရပ်သို့ တိမ်းရှောင်ရောက်ရှိလာခြင်း၊ ကျောင်းသား ကျောင်းသူများအား ပညာရေးအဆက်မပြတ်စေရန် ဆက်လက်သင်ကြားပေးနေခြင်းနှင့်စပ်လျဉ်း၍ ကျောင်းအုပ်ဆရာတော် ဦးစရဏ က "အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားတဲ့ အဲဒီ ဩဂုတ် ၂၅ ရက် မနက် ၂ နာရီလောက်မှာ ဘုန်းဘုန်းတို့ ကျောင်းနဲ့ ဝါးနှစ်ပြန်လောက်ဝေးတဲ့ နံ့သာတောင်ကင်းစခန်းမှာ တိုက်ပွဲဖြစ်ပွားတယ်။ အဲဒီအချိန်မှာ အစွန်းရောက်အကြမ်းဖက်သမား ၅၀၀ ကျော်လောက် တက်လာတယ်။ အကြမ်းဖက်သမားတွေ တက်လာတဲ့အခါမှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ရှစ်ယောက်နဲ့ အဲဒီအကြမ်းဖက်လူအုပ်စုကို ခုခံကာကွယ်ခဲ့တာ မနက် ၆ နာရီလောက်မှာပဲ အကြမ်းဖက်တွေ ဆုတ်ခွာသွားတယ်"ဟု မိန့်ကြားသည်။

အကြမ်းဖက်သမားများ ဆုတ်ခွာသွားချိန်တွင် ရဲကင်းစခန်းနှင့် နံ့သာတောင်ကျောင်းပတ်လည်တွင် အကြမ်းဖက်သမားများက လက်လုပ်မိုင်းများ ထောင်ခဲ့သဖြင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းခဲ့ရကြောင်း သိရသည်။

"မိုင်းရှင်းလင်းပြီးတော့ အဲဒီမှာတာဝန်ယူနေတဲ့ ရဲတပ်ကြပ်ကြီးတစ်ဦးက အခြေအနေကို ဘုန်းဘုန်းကို လာလျှောက်တယ်။ အဲဒီတော့ ဘုန်းဘုန်းက တောင်ပြိုနယ်မြေခံ စစ်ဗျူဟာမှူးကို တိုက်ပွဲတွေ ဖြစ်နေတဲ့အကြောင်း အကြောင်းကြားလိုက်တယ်။ အဲဒီအချိန်မှာ မောင်တောဒေသမှာရှိတဲ့ ကင်းစခန်း ၃၀ မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ တစ်ပြိုင်တည်း ဖြစ်ကြတာကို သိရတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

တိုက်ပွဲများ တစ်ပြိုင်တည်းဖြစ်နေချိန်တွင် ဆရာတော် အကူအညီတောင်းထားသည့် နယ်မြေခံစစ်ကြောင်းသည် ယင်းနေ့နံနက် ၉ နာရီခန့်တွင် ရောက်လာကြကြောင်း၊ ထို့နောက် အခြားကင်းစခန်းများသို့ သွားရောက်ပြီး နယ်မြေရှင်းလင်းခဲ့ရကြောင်း သိရသည်။

"တစ်ချိန်တည်းမှာပဲ အနီးအနားက ရဲကင်းစခန်းတစ်ခုကို အကြမ်းဖက်သမားတွေ ဝိုင်းထားလို့ အဲဒီစစ်ကြောင်းကပဲ သွားရှင်းလင်းခဲ့ရတယ်။ ဒီတော့ ဘုန်းဘုန်းတို့ဆီ စစ်ကြောင်းက မလာနိုင်တော့ပြန်ဘူး။ ဒါပေမယ့် လုံခြုံတဲ့နေရာကို ရွှေ့ပေးမယ်လို့ ပြောလာတဲ့အတွက် ဘုန်းဘုန်းတို့အနေနဲ့ ကလေးတွေ အန္တရာယ်ဖြစ်မှာ စိုးရိမ်ပြီး ရွှေ့ပြောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

ဆရာတော်ဦးဆောင်သည့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသားများ ပါဝင်သောအဖွဲ့သည် စစ်ကြောင်းလုံခြုံရေးဖြင့် တောင်ပြိုလက်ဝဲဘက်ကို ရွှေ့ပြောင်းခဲ့သည့် လမ်းတစ်လျှောက်တွင် အကြမ်းဖက်သမားများက လမ်းပိတ်ဆို့မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပထမမှာ ဘုန်းဘုန်းတို့ တောင်ပြိုလက်ဝဲ စာသင်ကျောင်းမှာ တစ်ညတည်းတယ်။ ရွာသူ ရွာသားတွေရော၊ ကျောင်းသား ကျောင်းသူတွေရော ထမင်းမစားရဘူး။ တောင်ပြိုလက်ဝဲကို ဘုန်းဘုန်းတို့ ည ၆ နာရီကျော် လောက်ရောက်သွားတယ်။ အဲဒီအချိန်မှာ အကြမ်းဖက်သမားတွေက လူအုပ်စုနဲ့တက်လာကြပြီး လုပ်သေနတ်တွေနဲ့ ပစ်ကြတယ်။ သေနတ်နဲ့လှမ်းပစ်တော့ ဘုန်းဘုန်းတို့ စာသင်ကျောင်းလည်း မလုံခြုံဘူးဆိုပြီး နယ်မြေခံစစ်ကြောင်းက ရဲတပ်ရင်းထဲကို ဆက်လက်ရွှေ့ပြောင်းပေးတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ဆရာတော်ဦးဆောင်သည့်အဖွဲ့သည် တောင်ပြိုလက်ဝဲတွင် အချိန်ရက်သတ္တ နှစ်ပတ်ကြာမျှ ပိတ်မိနေခဲ့ပြီးနောက် စက်တင်ဘာ ၁၀ ရက်တွင် မောင်တောမြို့ပေါ်သို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"တောင်ပြိုလက်ဝဲမှာလည်း ကျန်ခဲ့သူတွေ ရှိပါသေးတယ်။ ဘုန်းဘုန်းတို့ ကျေးရွာက ရွာသားတွေနဲ့ ကျောင်းသား ကျောင်းသူတွေတော့ အကုန်ပြောင်းလာကြတယ်။ ကျေးရွာသားတချို့က အိမ်ရှိသေးတော့ နေခဲ့လိုရပေမယ့် ဘုန်းဘုန်းတို့က နေစရာကျောင်းကို မရှိတော့ဘူး"ဟု စိတ်မကောင်းစွာဖြင့် ဆရာတော်က မိန့်ကြားသည်။

အစွန်းရောက် အကြမ်းဖက်သမားများသည် ဩဂုတ် ၂၆ ရက်တွင် နံ့သာတောင်ကျေးရွာအား မီးရှို့ထားသည်ကို တောင်ပြိုလက်ဝဲမြို့မှ မြင်တွေ့ရသည်ဟု မျက်မြင်တွေ့ရှိသူများ ပြောကြားသဖြင့် သိရကြောင်း၊ ဆရာတော်အနေဖြင့် နံ့သာတောင်ကျေးရွာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအပြင် နယ်မြေလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများထံ ကျေးရွာမီးရှို့သည့် ဖြစ်စဉ်ကို ဩဂုတ် ၂၇ ရက်က သွားရောက်စုံစမ်းခဲ့ကြောင်း၊ ရဲကင်းစခန်း၊ နံ့သာတောင်ကျေးရွာ၊ စျေး၊ ဘုန်းတော်ကြီးကျောင်းတို့ကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပစ်လိုက်ကြသည်ကို သိခဲ့ရကြောင်း ဆရာတော်က မိန့်ကြားသည်။

နံ့သာတောင် အခမဲ့ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအနက် ဆရာတော်နှင့်အတူ လိုက်ပါလာကြသည့် ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၇၅ ဦးတို့အား စက်တင်ဘာ ၁၄ ရက်မှစတင်၍ ဆက်လက် ပညာသင်ကြားပေးလျက်ရှိပြီး သင်ကြားရေး အဖြစ် ၎င်းတို့နှင့်လိုက်ပါသည့် ဆရာ ဆရာမများ မောင်တောမြို့ပေါ်မှ စေတနာရှင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများက ပညာရေးအဆက်မပြတ်စေရန် ကူညီသင်ကြားပေးနေသည်ကိုလည်း တွေ့မြင်ရသည်။

"ဒီမှာ စက်တင်ဘာ ၁၄ ရက်ကစပြီး စာသင်ပေးတယ်။ သင်ကြားရေးဆိုင်ရာကတော့ ဘုန်းဘုန်းတို့ ကျောင်းကဆရာတွေ လိုက်လာတာတွေ ရှိသလို အခုတော့ မောင်တောမြို့ပေါ်က ဆရာတွေကလည်း စေတနာနဲ့ လာရောက်သင်ပေးတာရှိပါတယ်။ ကလေးတွေရဲ့တစ်နှစ်တာပညာရေးမဆုံးရှုံးရအောင် ဘုန်းဘုန်းတို့က ဒီမောင်တောမြို့မကျောင်းမှာပဲ ကိုယ့်အစီအစဉ်နဲ့ကို ကျောင်းဖွင့်ပြီး သင်ကြားပေးနေတာဖြစ်ပါတယ်။ ပညာရေးဌာနပိုင်းအနေနဲ့ကတော့ ဒေသရဲ့တည်ငြိမ်အေးချမ်းမှုအခြေအနေပေါ်မူတည်ပြီး မကြာခင်မှာ အခြေခံပညာကျောင်းတွေ ဖွင့်လှစ်မယ်လို့သိရတယ်"ဟု နံ့သာတောင် အခမဲ့ပညာဒါန ပရဟိတကျောင်းမှ ကျောင်းအုပ်ဆရာတော် ဦးစရဏက မိန့်ကြားသည်။

ဖြစ်စဉ်များကို မိန့်ကြားပြီးနောက် ဆရာတော်သည် ပညာသင်ကြားပေးရန် သူ၏ကျောင်းသား ကျောင်းသူများရှိရာ နေရာဆီသို့ ထွက်သွားလေသည်။

ပထမမှာ ဘုန်းဘုန်းတို့ တောင်ပြိုလက်ဝဲ စာသင်ကျောင်းမှာ တစ်ညတည်းတယ်။ ရွာသူ ရွာသားတွေရော၊ ကျောင်းသား ကျောင်းသူတွေရော ထမင်းမစားရဘူး။ တောင်ပြိုလက်ဝဲကို ဘုန်းဘုန်းတို့ ည ၆ နာရီကျော်လောက်ရောက်သွားတယ်။ အဲဒီအချိန်မှာ အကြမ်းဖက်သမားတွေက လူအုပ်စုနဲ့တက်လာကြပြီး လုပ်သေနတ်တွေနဲ့ ပစ်ကြတယ်။ သေနတ်နဲ့လှမ်းပစ်တော့ ဘုန်းဘုန်းတို့ စာသင်ကျောင်းလည်း မလုံခြုံဘူးဆိုပြီး နယ်မြေခံစစ်ကြောင်းက ရဲတပ်ရင်းထဲကို ဆက်လက်ရွှေ့ပြောင်းပေးတယ်

မောင်တောမြို့ မြို့မကျောင်းတိုက်၌ စာသင်ကြားနေသည့် တောင်ပြိုလက်ဝဲမြို့ နံ့သာတောင်အခမဲ့ပညာဒါန ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင်အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို ဦးဆောင်၍ အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး မျိုးအောင်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲ မှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး အောင်ဆန်းဝင်း၊ အမှတ်(၁၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး သန်းဝင်းနှင့် အမှတ် (၁၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀)တို့မှ လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးများပါဝင်သော တပ်ဖွဲ့ဝင် အင်အား အရာရှိ ခုနစ်ဦး၊ အခြားအဆင့် ၂၁၈ ဦး စုစုပေါင်း ၂၂၅ ဦးတို့က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် သွေးအိတ်ပေါင်း ၂၂၅ အိတ်ကို စုပေါင်းလှူဒါန်းကြသည်။ တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းနေမှုအား အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုနှင့် တာဝန် ရှိသူများက လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)
ဓာတ်ပုံ(ရဲလုံခြုံရေးအဖွဲ့)

လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် စက်တင်ဘာ ၁၇- မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

ရေနံတိုးတက်ထုတ်ယူရရှိရေးစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၁၇
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Goldpetrol JOC Inc ကုမ္ပဏီတို့သည် ကုန်းပိုင်းလုပ်ကွက် MOGE 1 (ရေနံချောင်း)နှင့် IOR- 2 (ချောက်) တို့၏ ရေနံတိုးတက် ထုတ်ယူရရှိရေးစာချုပ် (Improved Petroleum Recovery Contract) များအား သက်တမ်းတိုး ဆောင်ရွက်ရန် ချုပ်ဆိုသည့်သဘောတူစာချုပ်များ (Supplemental Agreement to the IPR for Chauk Field and Supplemental Agreement to the IPR for Yenangyoung Field) ကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးချုပ်အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Goldpetrol JOC Inc ကုမ္ပဏီမှ Mr. Marcel Han Liong Tjia နှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Goldpetrol JOC Inc ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Marcel Han Liong Tjia တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်အောင်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Goldpetrol JOC Inc ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Marcel Han Liong Tjia နှင့် Mr. Zhang Jianguo တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးခြင်းအရ IPR စာချုပ်များ၏ သက်တမ်းတိုးကာလအဖြစ် ၁၁ နှစ်ကာလကို ကုန်းပိုင်းလုပ်ကွက် MOGE-1(ရေနံချောင်း)နှင့် IOR-2 (ချောက်)တို့တွင် ရေနံအထွက်တိုးလုပ်ငန်းများကို ဆက်လက်၍ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီးမော့ဆိုမြို့နယ်တွင် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တောင်သူများ၊ ပြည်သူများ တွေ့ဆုံပွဲကျင်းပ

ဒီးမော့ဆို စက်တင်ဘာ ၁၇
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် (၅)မြောင်းတွင် စက်တင်ဘာ ၁၄ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့်တောင်သူလယ်သမားများ၊ ပြည်သူများ တွေ့ဆုံပွဲ ကျင်းပသည်။ **(ဝဲပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကယားပြည်နယ်၏ အဓိကစီးပွားရေးဖြစ်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဌာနဆိုင်ရာများနှင့်တောင်သူများသည်လည်းကောင်း၊ ဌာနဆိုင်ရာအချင်းချင်းသည်လည်းကောင်း၊ ပေါင်းစပ်ဆောင်ရွက်သွားရန်၊ လက်ရှိဌာနဆိုင်ရာအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများကို တောင်သူများသိရှိနားလည်စေရန် ဆွေးနွေးရမည်ဆိုလျှင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် သီးနှံမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို သင်တန်းများပို့ချခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ ကွင်းသရုပ်ပြပွဲများ၊ စံပြကွက်များ ပြုလုပ်ပြသခြင်း၊ ၂၀၁၇-၂၀၁၈ စိုက်ပျိုးရာသီအတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရိုင်အလိုက် ကျေးရွာတစ်ရွာစီကို ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာနှင့် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် မိုင်းထန်းကျေးရွာတို့ကို စံပြရွာအဖြစ် သတ်မှတ်စိုက်ပျိုး ဆောင်ရွက်လျက်ရှိသောကြောင့် တောင်သူများအနေဖြင့် လေ့လာရေးသွားရောက်ပြီး စံပြရွာကိုအတုယူ၍ မိမိတို့စိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသီးသီးမှ တောင်သူနှင့် ပြည်သူများ စားနပ်ရိက္ခာဖူလုံပြည့်ဝစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသော တောင်သူများ၏မေးမြန်းတင်ပြမှုများကို သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဒွေးမယ်နော် (၈၄၊ စိုက်ပျိုးရေး)

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဝါးပင်စိုက်ပျိုးပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၇
တောင်ကြီး(တောင်)ကြိုးဝိုင်းအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြည်သူလူထုအခြေပြု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိမ်းရောင်လုပ်ငန်းအနေဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် World Bamboo Day အထိမ်းအမှတ်အကြို ဝါးပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ လွိုင်ခမ်း အိမ်ရာတောင်ကုန်း၌ စိုက်ပျိုးကြောင်း သိရသည်။

၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော World Bamboo Congress (8th) ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်စေရန်နှင့် ပတ်ဝန်းကျင်ကောင်းများကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ပြည်နယ်အစိုးရအဖွဲ့က ယခုလို ကြီးမှူးကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် Global Risk Index အစီရင်ခံစာအရ သဘာဝဘေးအန္တရာယ်ထိခိုက်လွယ်သော ကမ္ဘာ့နိုင်ငံ ၁၈၇ နိုင်ငံတွင် မြန်မာနိုင်ငံသည် ဒုတိယအဆင့်ရပ်တည်နေ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သဘာဝပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်စေရေး ပိုမိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ကောင်းနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အထောက်အကူဖြစ်စေရန်၊ သစ်တောများ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး သစ်တောကဏ္ဍနှင့်ပတ်သက်သော ကြိုးဝိုင်း/ကြိုးပြင်ခုနစ်ခု၊ သဘာဝနယ်မြေသုံးခု၊ ဧရိယာဧကေ ၁၈၀၀၀၀ကျော် ဖွဲ့စည်းသတ်မှတ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ခံပေးခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနာယကနှင့် အဖွဲ့ဝင်များ၊ NGO နှင့် ဒေသခံပြည်သူတို့က စုပေါင်းသစ်ပင်စိုက်ပျိုးပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အဆိုပါ World Bamboo Day အထိမ်းအမှတ်အကြို ဝါးပင်စိုက်ပျိုးပွဲတွင် ချယ်ရီ၊ စိန်ပန်းပြာ၊ ရှမ်းသပြေ၊ ပင်စိမ်း၊ ငုရွှေဝါ၊ စိန်ပန်းနီ၊ ခါတော်မီ၊ ထင်းရှူး၊ ထောပတ်၊ မက်မွန် ၊ ဝါး စသည့် စုစုပေါင်းအပင် ၄၀၂၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မောင်မောင်သန်း (တောင်ကြီး)

ဝိုင်းမော်မြို့နယ်အတွင်း အဝေးပြေးကားလမ်းများအခြေအနေ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၁၇
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှတစ်ဆင့် ဗန်းမော်မြို့နှင့် ကန်ပိုက်တီမြို့တို့သို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းအခြေအနေကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်ဝင်းအတွင်းရှိ တိုက်ပွဲရှောင်စခန်း၌ ရီဖောင်ဒေးရှင်းမှ တိုက်ပွဲရှောင်မိသားစုဝင် ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် ဆောက်လုပ်လှူဒါန်းသည့် အဆောင်သစ်ကျေးဇူးတော်ချီးမွမ်းဆုတောင်းပွဲသို့ တက်ရောက်အားပေးခဲ့ပြီး အောင်မြေ(၁) ရပ်ကွက်အတွင်းရှိ ဝိုင်းမော်မြို့မှ ဗန်းမော်သွား ကားလမ်းမပေါ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းအရှည်(၁)မိုင် (၃)ဖာလုံခန့်နှင့် အမြင့်(၃)ပေခန့် ရေကျော်မှုဖြစ်ပွားခဲ့သည့် လမ်းနေရာကို ကြည့်ရှုစစ်ဆေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ချောင်းရိုးတစ်လျှောက် ရေစီးဆင်းမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးကာ စနစ်တကျပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီသွား ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၅ /၁၆) ကြားတွင် ကတ္တရာလမ်းကွဲအက်မှုဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် မြေသားအမာဘက်သို့ လမ်းတိုးချဲ့ဖောက်လုပ်သွားရေး တာဝန်ရှိသူများအား မှာကြားသည်။

(ပြည်နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ်အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသတွင်းဘေးဒုက္ခခံစားနေရသူအားလုံးအတွက် MA-UK(Myanmar) အဖွဲ့က စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်း ဘေးဒုက္ခခံစားနေရသူအားလုံးအတွက် လန်ဒန်အခြေစိုက် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် MA-UK (Myanmar) အဖွဲ့က ငွေကျပ် ၇၈၀၅၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်ရည်ထုပ်နှင့် နှစ်ယောက်အိပ်ခြင်ထောင်များကို စက်တင်ဘာ ၁၅ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဓာတ်ပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လှူဒါန်းသည့် လှူဒါန်းပစ္စည်းနှင့် လှူဒါန်းငွေများကို ရခိုင်ပြည်နယ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသတွင်း ဘေးဒုက္ခခံစားနေရသူအားလုံးအတွက် လိုအပ်သောကူညီထောက်ပံ့မှုများတွင် စနစ်တကျ ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစီရင်ရေးလုပ်ငန်းညှိနှိုင်း စည်းဝေး

မန္တလေး စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက်က ကြန့်ကြာနေသောမှုခင်းများ စစ်ဆေးစီရင်လျက်ရှိသော ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားစီရင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ကြန့်ကြာနေသော တရားမမှုများ အမြန်ပြီးပြတ်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်သည့် မှုခင်းများတွင် ပြစ်မှုထင်ရှားပါက ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန်၊ ရပ်ရွာလုံခြုံရေးကို ထိပါးစေနိုင်သဖြင့် အကျဉ်းထောင်မရှိသည့် မြို့နယ်များတွင် အချုပ်တရားခံ လျော့ကျစေရေး အထူးဦးစားပေးဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတရားစီရင်ရေး ကျင့်ဝတ်ထုတ်ပြန်ပြီးဖြစ်၍ ကျင့်ဝတ်နှင့်အညီ ပြောဆိုပြုမူဆက်ဆံကြရန်နှင့် တရားရုံးလုံခြုံရေးအတွက် အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ကြန့်ကြာနေသော မှုခင်းများ စစ်ဆေးစီရင်လျက်ရှိသော ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

❊ ကျော့ဖုံးမှ

အေးချမ်းစွာ နေထိုင်ခဲ့ပါကြောင်း၊ ကျေးရွာအတွင်း ထူးခြားမှုတစ်စုံတစ်ရာ ရှိလျှင်လည်း သက်ဆိုင်ရာကို အကြောင်းကြားတင်ပြခဲ့ပါကြောင်း၊ ယခုလက်ရှိမှာလည်း အေးအေးချမ်းချမ်း နေထိုင်စားသောက်လျက်ရှိပါကြောင်း၊ နောင်တွင်လည်း တရားဥပဒေစိုးမိုးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ မောင်တောဒေသမြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာများနှင့် အစ္စလာမ်ဘာသာဝင်များ နေထိုင်သော ကျေးရွာခြောက်ရွာသို့ ဆန်အိတ် ၄၀၀၊ ဆီနှင့် ပဲ ၅၁၇ ပိဿာစီနှင့် ဆား ၂၅၄ ပိဿာ တို့ကို ကူညီထောက်ပံ့ပေးခဲ့ပြီး အဆိုပါကျေးရွာများရှိ အသက် ၉၀ နှင့်အထက် အဘိုး၊ အဘွားများကိုလည်း သက်ကြီးရွယ်အို ကူညီထောက်ပံ့ပေးရေးကဏ္ဍတစ်ရပ်အနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ လှူဒါန်းခဲ့သည်။

"အိမ်ရှင်မတွေအတွက် အခုလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ သက်ဆိုင်ရာအနေနဲ့ ဆန်၊ ဆီ၊ ဆားနဲ့ ပဲတွေကို ကျေးရွာအရောက် ကူညီထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကလည်း တပ်မတော်က ရဟတ်ယာဉ်နဲ့ စားနပ်ရိက္ခာတွေ အခုလိုလာပြီး ကူညီထောက်ပံ့ပေးခဲ့ပါသေးတယ်။ ဒါနဲ့ဆို ကျွန်မတို့ရွာကို စားနပ်ရိက္ခာ ကူညီထောက်ပံ့ပေးတာ နှစ်ခါရှိပါပြီ။ အခုလိုကာလမှာ ပိုက်ဆံရှိတာတောင် ဈေးဝယ်လို့မလွယ်တဲ့ အချိန်အခါပါ။ အထူးသဖြင့်တော့ ဟင်းချက်စရာ အခက်အခဲ ဖြစ်ရပါတယ်။ ကျွန်မတို့ရွာမှာက အေးအေးချမ်းချမ်းနဲ့ တောင်ယာလုပ်ကိုင် စားသောက်တဲ့ သူတွေချည်း နေထိုင်ကြတာပါ။

ငန်းချောင်းကျေးရွာမှ ဦးခိုက်ရ်မာမက်

ငန်းချောင်းကျေးရွာမှ ဒေါ်ဒီရ်ခါရ်

အကြမ်းဖက်မှုကိုတော့ ကျွန်မအပါအဝင် တစ်ရွာလုံးမှာရှိတဲ့ ပြည်သူတွေက မနှစ်သက်ပါဘူး။ အခုလို ဒုက္ခရောက်ကြရတော့ အရင်အေးအေးချမ်းချမ်းနဲ့ လွတ်လွတ်လပ်လပ်သွားလာခဲ့ရတဲ့ တန်ဖိုးကို ပိုပြီးသိလာကြပါတယ်။ ကျွန်မတို့ ကျေးရွာသူ၊ ကျေးရွာသားတွေအနေနဲ့ ဥပဒေဘောင်အတွင်းကပဲ အေးအေးချမ်းချမ်း နေထိုင်လိုကြပါတယ်" ဟု ငန်းချောင်းကျေးရွာမှ ဒေါ်ဒီရ်ဒါရ်က ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်နယ်အစိုးရနှင့် ပူးပေါင်းကာ ရခိုင်ပြည်နယ် မောင်တောဒေသတွင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာများနှင့် ဥပဒေဘောင်အတွင်း အတူအေးချမ်းစွာ လုပ်ကိုင်စားသောက်လိုသော အစ္စလာမ်ဘာသာဝင်များ နေထိုင်သော ကျေးရွာများရှိ ပြည်သူများကို လတ်တလောအနေဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာလူး၊ ကြက်သွန် အပါအဝင် စားနပ်ရိက္ခာများနှင့် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ပေးလျက်ရှိပြီး ကူညီထောက်ပံ့မှုများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းအဖွဲ့)

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့်အဖွဲ့ ကြက်ရိုးပြင်ကျေးရွာရှိ ပြည်သူများကို စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးစဉ်

ပြင်ဦးလွင်၌ မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်ပြသလျက်ရှိ

ပြင်ဦးလွင် စက်တင်ဘာ ၁၇

မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်အခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က ပြင်ဦးလွင်မြို့ ချယ်ရီလွင်အဆင့်မြင့်ရုပ်ရှင်၌ ကျင်းပခဲ့ရာ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်ခင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

မိုးရွာသွန်းမှုကြောင့် နေအိမ်နှစ်လုံးရွှေ့ပြောင်း

တီးတိန် စက်တင်ဘာ ၁၇

ချင်းပြည်နယ် တီးတိန်မြို့နယ်၌ စက်တင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်း၍ မြေပြိုမှုကြောင့် ဖူနွမ်းကျေးရွာအုပ်စု ထန်နွဲကျေးရွာတွင် ဒေါ်ငွေနိန်နှင့် ဦးလျန်းခန့်ခိုင်တို့၏ နေအိမ်နှစ်လုံးပျက်စီးနိုင်သည့် အန္တရာယ်ရှိ၍ ဖြိုဖျက်ပြီး ဘေးသင့်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးသက်လေပြင်းများကျပြီး လှိုင်းကြီးမည်

နေပြည်တော် စက်တင်ဘာ ၁၇

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဝန်းသို စက်တင်ဘာ ၁၇

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ဝန်းသိုမြို့နယ်ရဲတပ်မှူး ရဲမှူးသန်းဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ခြင်၊ ယင်များ မပေါက်ပွားစေရေးအတွက် ချုံနွယ်များ၊ အမှိုက်များ စုပေါင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူငယ်များ၏ ပန်းချီအနုပညာဖန်တီးမှုများဖြင့်

အနာဂတ်အမြင်ကို ဖော်ထုတ်သည့်အစီအစဉ် မော်လမြိုင်တွင် ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၇
မွန်ပြည်နယ်တွင်း လူငယ်များအနေဖြင့် ပန်းချီအနုပညာအသုံးပြုကာ ၎င်းတို့၏ အနာဂတ်အမြင်များကို ဖော်ထုတ်ဖန်တီးခွင့်ပေးသော အစီအစဉ်တစ်ခုကို မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP က စက်တင်ဘာ ၁၇ ရက်တွင် မော်လမြိုင်မြို့၌ ကျင်းပခဲ့သည်။

"ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် ၁၇ ချက်ကို ချပေးထားတယ်။ အဲ့ဒီကနေ ကိုယ့်ရည်မှန်းချက်အလိုက် အကြံဉာဏ်ထုတ်ပြီး အနုပညာတစ်ခုကို ဖန်တီးပေးရတာပါ"ဟု အဆိုပါပွဲတွင် ပါဝင်ခဲ့သည့် မော်လမြိုင်မြို့နေ လူငယ်တစ်ဦးက သူ၏ အတွေ့အကြုံကို မျှဝေသည်။

ပါဝင်လာသူများသည် ပန်းချီဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ စက္ကူ သို့မဟုတ် ဓာတ်ပုံများကို ဖြတ်ညှပ်ကပ်ကာ မိမိတို့ မျှော်လင့်ထားသော ရှင်းလင်းပြတ်သားသည့် အနာဂတ်ကို ပုံဖော်ပေးရသည့် အစီအစဉ်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ UNDP ရုံးခွဲများက နယူးယောက်မြို့တွင် နှစ်စဉ်ကျင်းပသည့် Social Good Summit နှင့် အချိန်ကိုက်တူညီသော ဆောင်ပုဒ်ဖြင့် ကမ္ဘာ့ပြည်သူများ၏ အတွေးအခေါ်များ တိုးတက်မှုကိုစုစည်းပေးခြင်း အစီအစဉ်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်က အဆိုပါ အစီအစဉ်မျိုးကို လူငယ်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် မိတ်ဆက်ခြင်း ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့တွင် လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် connecting Today, creating Tomorrow ခေါင်းစဉ်ဖြင့် မြစ်ကြီးနားမြို့နှင့် မင်းတပ်မြို့များတွင်လည်းကောင်း ကျင်းပပေးနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ရှင်းလင်းပြတ်သားသော အနာဂတ်ခေါင်းစဉ်ဖြင့် မော်လမြိုင်၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးမှာရှိတဲ့ UNDP ရုံးခွဲရှိရာ နိုင်ငံတွေမှာ နှစ်စဉ်ကျင်းပပေးနေကြတာပါ။ မြန်မာနိုင်ငံက အသံတွေလည်း နားထောင်ပေးဖို့ တောင်းဆိုမှုနဲ့အတူ ဒီမှာလည်း ကျင်းပပေးပြီး Short Video တွေပို့ပေးတယ်။ သူတို့ဘက်ကပြန်ကြည့်ပေးပြီး လိုအပ်ချက်အလိုက် ရွေးနှစ်မှာဘာခေါင်းစဉ်နဲ့လုပ်ပေးပါဆိုပြီး ပြန်ပြောလာတာပါ" ဟု မြန်မာနိုင်ငံ UNDP မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ညှိနှိုင်းရေးမှူးတာဝန်ခံ ဒေါ်နီနီလွင်က ပြောသည်။

ပါဝင်ကြသော လူငယ်များ၏ အနုပညာဖန်တီးမှုအပြီး ဖန်တီးထားသော အနုပညာလက်ရာများကို ခင်းကျင်းပြသပေးကာ တစ်ဖွဲ့ချင်းအလိုက် မဲပေးရွေးချယ်မှုစနစ်ဖြင့် မဲအများဆုံးရရှိသည့် အဖွဲ့ကို ပထမဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

တီထွင်ဆန်းသစ်မှုနှင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းဖွင့်

ဇီးကုန်း စက်တင်ဘာ ၁၇
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့၌ စက်တင်ဘာ ၁၄ ရက်က စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသော စီးပွားရေးလုပ်ငန်းများအတွက် Idea Platform For Innovation and Strategy Development Training တီထွင်ဆန်းသစ်မှုနှင့် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်မှု အကြံဉာဏ်ကောင်းများ ရရှိစေရန် ပို့ချပေးသော သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမျိုးထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က အမှာစကားပြောကြားပြီး သင်တန်းသားများကို ရန်ကုန်မြို့ Myanmar Leader and Management Institute တည်ထောင်သူနှင့် ကျောင်းအုပ်ကြီး ပါမောက္ခဆရာကြီး ဦးအေးကျော်က စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။

ယခုသင်တန်းမှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဇီးကုန်းမြို့တစ်မြို့တည်းသာ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ်မှစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ အပါအဝင် သင်တန်းသား ၆၅ ဦးတက်ရောက်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအတွက် SME Center ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၇
စီးပွားရေးလုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးလိုအပ်နေသော အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအတွက် SME Center ကို စက်တင်ဘာ ၁၅ရက်က ရန်ကုန်မြို့ဘုရင့်နောင်လမ်းဆုံအနီး သမဝါယမဘဏ်၌ ကျင်းပခဲ့သည်။

" နိုင်ငံတော်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက် ၁၂ ချက်ချမှတ်ထားပါတယ်။ အဲဒီထဲက ဒုတိယအချက်ကတော့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ ငွေကြေးအရင်းအနှီးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA က ပြည်တွင်းဘဏ် ခြောက်ခုကနေ ချေးငွေများထုတ်ပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့ကတော့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ကိုင်နေသူတွေ အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ SME Center ကို ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နီနီသန်းက ပြောသည်။

အဆိုပါ ဘဏ်များမှာ သမဝါယမဘဏ်၊ ရောဝတီဘဏ်၊ အသေးစားနှင့်အလတ်စားဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇဘဏ်နှင့် မြန်မာနိုင်ငံသားများဘဏ်တို့ဖြစ်ပြီး သမဝါယမဘဏ်ကပထမဆုံး SME Center ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် SME JICA နှစ်ဆင့်ချေးငွေလျှောက်ထားရန်အတွက် အနည်းဆုံး SME လုပ်ငန်း နှစ်နှစ်ရှိရမည်ဖြစ်ကြောင်း၊ တစ်နှစ်အတိုး ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ချေးငွေပမာဏကျပ်သိန်း ၅၀၀၀ အထိ ချေးယူနိုင်ကြောင်း၊ ချေးငွေသက်တမ်း အများဆုံးငါးနှစ်အထိ ချေးယူနိုင်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် JICA ချေးငွေကိုပြည်တွင်းဘဏ်ခြောက်ခုမှ ပေးအပ်ခြင်းဖြစ်ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးဌာနက ထောက်ခံချက်ပေးကာ မြန်မာ့အာမခံလုပ်ငန်းက ချေးငွေများဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အာမခံလုပ်ငန်းကိုလည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ သမဝါယမဘဏ်က အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်ပေါင်း ၁၃၀၀ ကျော်အား ချေးငွေဘီလီယံ ၃၀၀ ကျော် ထောက်ပံ့ကူညီပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ မန္တလေးနှင့် နေပြည်တော်တို့တွင် SME Center များ ထပ်မံဖွင့်လှစ်ကာ အသေးစားနှင့် အလတ်စားလုပ်ငန်း လုပ်ကိုင်သူများကို လိုအပ်သောချေးငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး

နိုင်ငံတကာမျက်မမြင် လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇
နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ်အနေဖြင့် လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းလမ်းလျှောက်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့နှင့် ဒေသအသီးသီးမှ မျက်မမြင် ကျောင်းများ၊ အလုပ်ရုံများမှ မျက်မမြင်များကိုဖိတ်ကြား၍ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ အဝတ်အထည်၊ အစားအသောက်နှင့် ငွေများလှူဒါန်းလိုပါက ဖုန်း ၀၁-၂၅၁၄၁၇၊ ၀၁-၂၅၁၉၈၉၊ ၀၁-၂၅၂၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်စိုး (မြန်မာ့အလင်း)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြိုသန့်ရှင်းရေးကုသိုလ်ပြု

ပုသိမ် စက်တင်ဘာ ၁၇
ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် စက်တင်ဘာ ၁၆ ရက်က တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီး ရဲမြင့်နှင့် တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်တင့်၊ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်ထူး၊ ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုတို့ ဦးဆောင်ကြီးကြပ်လိုက်ပါသည့် တိုင်း/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်တို့သည် ပုသိမ်မြို့ အမှတ်(၈) နယ်မြေ မဟာတင်္ဂေါင်းစေတီတော်မြတ်ကြီးအား သစ်ပင်ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

လှကြည် (ပုသိမ်)

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

သထုံ စက်တင်ဘာ ၁၇
မွန်ပြည်နယ် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က သထုံမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နန္ဒကျော်စွာ

လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်

ညောင်လေးပင် စက်တင်ဘာ ၁၇
ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က ညောင်လေးပင်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါ အမှာစကား ပြောကြားပြီး သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာဆီ၊ လက်ဆေးဆပ်ပြာအရည်၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ ဆပ်ပြာအခဲ၊ ဆပ်ပြာခရင်မ်၊ သွားတိုက်ဆေး၊ ကြွေချေးချွတ်ဆေး၊ အနံ့ဆိုးပျောက်ဆေးရည်၊ မှန်ကြည်ဆေး၊ ဆံပင်ပေါင်းဆေး၊ ခေါင်းလျှော်ရည်၊ လက်ဖက်စိမ်းကိုအခြေခံသည့် လက်ဖက်စိမ်းခေါင်းလျှော်ရည်၊ (Hand Gel) ရေမလို လက်သန့်ဆေးရည် စသည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်အထိ အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

အင်းလေးကန်ရေရှည်တည်တံ့ရေး စက်ယန္တရားများ အရည်အသွေးရှင်းလင်း

ညောင်ရွှေ စက်တင်ဘာ ၁၇
အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စက်ယန္တရားများ အရည်အသွေး ရှင်းလင်းမိတ်ဆက်ပွဲအခမ်းအနားကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး ခန်းမဆောင်၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးတို့က အမှာစကားပြောကြား ကြသည်။

ဆက်လက်၍ ဦးစောထွန်းဦး (မြန်ရွှေပြည်အရောင်းမန်နေဂျာ) နှင့် ဦးတင်ထွန်းအောင် (မြန်ရွှေပြည်) တို့က စက်ယန္တရားဆိုင်ရာများစွမ်းဆောင်ရည်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခင်မောင်မြ**

ခါးဘာကြောင့် နာ...

ကြည်လွင်မြင့် (မုံရွာ)

တလောက အဖွဲ့အစည်းတစ်ခုမှ ကျန်းမာရေးဟောပြောပွဲ ဖိတ်သဖြင့် စာရေးသူ သွားရောက်ဟောပြောပေးပါသည်။

ဟောပြောသည့် ခေါင်းစဉ်မှာ ခါးနာရောဂါ ဆင်ခြင်စရာနှင့် ခါးနာရောဂါပျောက်နိုင်သော ဆေးနည်းတိုများအကြောင်း ဖြစ်ပါသည်။

ထိုသို့ ဟောပြောရာတွင် စာရေးသူက ယနေ့ ဝန်ထမ်းလောကတွင် ခွင့်ယူမှုအများဆုံးရောဂါမှာ ခါးနာရောဂါဖြစ်ပြီး ဖြစ်လျှင် မကြာခဏပြန်ပေါ်သောရောဂါများသည် ခါးနာရောဂါဖြစ်ကြောင်းကို ဟောပြောခဲ့ပါသည်။ လူတိုင်း ခါးနာဖူးကြသည်။ အချို့မှာ မိမိကိုယ်မိမိ ခါးနာရောဂါရှိနေမှန်း မသိကြပါ။ ထိုသူများ ထိုင်ရာမှ ထသွားလျှင်ကြည့်ပါ။ ကုန်းကာထသွားပြီး တဖြည်းဖြည်းမှ ခါးဆန့်သွားသည်ကို တွေ့ရသည်။ ကားမောင်းသူအတော်များများမှာ ခါးနာစွဲနေကြသည်။ ကားမောင်းနေစဉ်က အကောင်း၊ ကားရပ်ပြီး ဆင်းသွားလျှင် ကြည့်ပါ၊ ခါးကောင်းကောင်း မဆန့်နိုင်၊ ပြီးမှ တဖြည်းဖြည်း ဆန့်ပြီး လျှောက်သွားသည်ကို တွေ့ရသည်။

ခါးဘာကြောင့်နာ... လူဖြစ်လို့နာ

နားထောင်နေကြသူများက ရယ်ကြသည်။ အချို့က သဘောမပေါက်၊ အနောက်တိုင်း သုတေသနတစ်ခုကဆိုသည်။ မိုးကိုကျောပေး၍ ခြေလေးချောင်းထောက်သွားသော သတ္တဝါများသည် ခါးမနာကြပေ။ မိုးကိုခေါင်းပြု၍ မတ်တတ်သွားသော လူတို့တွင်သာ (ကျောရိုးဆစ်ကိုမတ်ပြီး ခန္ဓာကိုယ်ကြီးကို ထမ်းထားရသောကြောင့်) ခါးနာရောဂါ ဖြစ်သည်ဟုဆိုသည်။

အာယုဗေဒ ဆေးပညာအခေါ်အဝေါ်က **'ကဋိသူလ'** အနောက်တိုင်းဆေးပညာအခေါ် **Low back pain** ခေါ် ခါးနာရောဂါသည် အဘယ်ကြောင့် ဖြစ်ရသနည်း။

(၁) အထိုင်များခြင်း၊
(၂) အရပ်များခြင်း၊
(၃) ထိခိုက်ဒဏ်ရာခါးတွင်ရခြင်း၊
(၄) လွန်ကဲသော အားကစားလေ့ကျင့်ခန်းလုပ်ခြင်း၊
(၅) အလေးအပင် မ,မှုများခြင်း၊
(၆) ကုန်း၍ အလေးမရာတွင် အနေအထားမမှန်ခြင်း၊
(၇) အိစက်သောမွေ့ရာ၊ ပျော့၍ ခွက်ဝင်သော အိပ်ရာတွင် အိပ်ခြင်း၊
(၈) လေ့ကားအဆင်းအတက်များခြင်း၊
(၉) ဝမ်းချုပ်၍ အိမ်သာအထိုင်ကြာခြင်း၊
(၁၀) ခါးရိုးဆစ် ကျီးပေါင်းတက်ခြင်း၊
(၁၁) ခါးရိုးဆစ်ရောဂါဖြစ်ခြင်း၊ (အဆစ်ရောင်၊ တီဘီ ရောဂါ)
(၁၂) ကျောက်ကပ်တွင် ကျောက်တည်ခြင်း။

အထက်ပါ အကြောင်းအရာများကြောင့် ခါးနာရောဂါ ဖြစ်ရသည်။ အခြားထူးထူးခြားခြားဖြစ်တတ်သည့် အကြောင်းများလည်း ရှိနိုင်ပါသေးသည်။

ရှေးခေတ်က ဆေးကျောင်းများတွင် ဖတ်ရှုလေ့လာသောအခါ (၁) ထန်းတက်သမား၊ (၂) မြင်းစီးသူများတို့တွင် ခါးနာရောဂါ စွဲနေလေ့ရှိသည်ဟုဆိုသည်။

ယခုခေတ်တွင် ဆေးခန်းသို့ ရောက်လာလေ့ရှိသည့် ခါးနာသူများမှာ ငယ်ငယ်ရွယ်ရွယ်နှင့် (၁) ကွန်ပျူတာရှေ့တွင် တစ်နေကုန်ထိုင်သူများ၊ (၂) ယခုခေတ်ရောဂါဖြစ်သော တစ်နေကုန် ရောက်သည့်နေရာတွင်ထိုင်ပြီး ဖုန်းပွတ်နေသူများတွင် အဖြစ်များပါသည်။

ခေတ်ပေါ်ရောဂါ နောက်တစ်မျိုးမှာ ဆိုင်ကယ်ကြောင့် ခါးနာခြင်းဖြစ်သည်။ စက်ဘီးများပျောက်ပြီး ဆိုင်ကယ်ခေတ်သို့ ရောက်လာပြီဖြစ်သည်။ ဆိုင်ကယ်အကောင်းစားများ ရှိသကဲ့သို့ ဈေးပေါပေါနှင့် ဝင်လာသော တရုတ်ဆိုင်ကယ်များလည်းရှိသည်။ ဘက်ထရီမကောင်းသောကြောင့်လည်း ဖြစ်တတ်သည်။ နံနက်ထလျှင် ဆိုင်ကယ်က နိုးမရ၊ **Kick Start** ခေါ် ခြေနင်းနိုးရသည့် ခြေနင်းကန်ကို ကန်ရင်း ခါးမျက်သွားသူ များစွာတွေ့ရသည်။ အချို့မှာလည်း ဆိုင်ကယ်လဲမည်စိုး၍ ဘေးတစောင်းထောက်လိုက်ရာမှ ခါးနာသွားသည်။ အမှုမဲ့ အမှတ်မဲ့နေရာမှ ခါးနာမပျောက်တော့ဘဲ စွဲပြီးနာနေသူများစွာတွေ့ရသည်။

ရှေးက စက်ဘီးစီးသူနှင့် ဆိုက်ကားနင်းသူများတွင် ခါးနာသည်ဟု သိပ်မတွေ့ရပေ။ သူတို့သည် ခြေနှစ်ဖက်ကို အတက်အကျမှန်ကန်စွာဖြင့် ခန္ဓာကိုယ်ဝိတ်ကို ခါးတွင်မထားဘဲ ခြေထောက်နှစ်ဖက်ပေါ်အားပြုပြီး စီးနင်းကြခြင်းကြောင့် ခါးမနာခြင်းဖြစ်သည်။ ဆိုင်ကယ်စီးသူများမှာ ဆိုင်ကယ်ဆိုဖာခုံတွင် ထိုင်ပြီး ခြေနှစ်ဖက်မှာ တင်ထားရုံသာဖြစ်သည်။ အထိုင်ကြာသည့်အခါ ခန္ဓာကိုယ်၏ ဝိတ်များ ခါးပေါ်တွင်သာ သက်ရောက်လျက်ရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆိုင်ကယ်စီးသူများ ကြာလျှင် ခါးနာရောဂါဖြစ်လာရသည်။

ခေတ်ပြောင်းလာသည်နှင့်အမျှ လူဦးရေထူထပ်သည့် မြို့ကြီးများတွင် အထပ်မြင့်တိုက်များ ပေါ်လာသည်။ မြေညီထပ်၊ ပထမထပ်များတွင် စီးပွားရေးသမားမဟုတ်သည့် သာမန်လူတန်းစားများ မနေနိုင်ကြပေ။ ခါးနာရောဂါဖြင့် ဆေးခန်းသို့ မကြာခဏလာရသည့် ဝန်ထမ်းတစ်ဦးကို မေးမြန်းကြည့်သည့်အခါ အထပ်မြင့်တိုက်ခန်း လေးလွှာတွင် နေသည်ဟုဆိုသည်။ (လေးလွှာဆိုသည်မှာ ငါးထပ်တွင် နေရခြင်းဖြစ်သည်) အထပ်မြင့်တိုက်အနည်းငယ်တွင်သာ (အထူးသဖြင့် ကွန်ဒိုတိုက်ခန်းများတွင်သာ) ဓာတ်လှေကားခေါ် စက်လှေကားရှိသည်။ သာမန်အထပ်မြင့်တိုက်များတွင် ရိုးရိုးလှေကားဖြင့်သာ တက်ကြ၊ ဆင်းကြရသည်။

ခါးရိုးဆစ် ကျီးပေါင်းတက်ရောဂါများ ယခုဆယ်စုနှစ်အတွင်းမှာ အလွန်ခေတ်စားလာသည်။ ရှေးခေတ်က သစ်သားတွင် ကြိမ်ရက်ထားသော ကုလားထိုင်ဖြင့် ထိုင်ကြသော လူကြီးများသည် ယခုခေတ်တွင် ဆိုဖာကုလားထိုင်ဖြင့် ထိုင်ကြရာမှ ခါးကျီးပေါင်းတက်လာသည်ဟု ယူဆကြသည်။ အမှန်မှာ အိစက်သောနေရာတွင် ထိုင်လျှင် ခါးရိုးဆစ်ချင်း ပို၍ ပိနိုင်သဖြင့် အရိုးအဆစ်နှစ်ခုကြားတွင်ရှိသော ဝါရှာနှင့်တူသော အရွတ်တုံး ပိပြား၊ ပုံစံပျက်ယွင်း၊ အရိုးချင်းထိရာမှ ပွန်းပြီး အပွေးတက်လာခြင်းကို ကျီးပေါင်းတက်သည်ဟု ခေါ်ခြင်း ဖြစ်သည်။

အိပ်ရာတွင်လည်း အတူတူပင်ဖြစ်သည်။ သက်တမ်းကုန်၍ စပရိန်အားပျော့ပြီး ခွက်ဝင်သည့် စပရိန်မွေ့ရာကြောင့် ခါးနာတတ်သည်။ ရေမြှုပ်မွေ့ရာလည်း ပျော့လွန်းလျှင် ခါးနာရောဂါဖြစ်နိုင်သည်။ ခါးနာရောဂါ စွဲနေသူတစ်ဦးကို မွေ့ရာဖြင့် မအိပ်ဘဲ ပျဉ်ပြားပေါ်တွင် သင်ဖြူးဖျာ ခင်းအိပ်ခိုင်းရာ သက်သာသွားသည်ကို တွေ့ရဖူးသည်။

ယခုခေတ်တွင် ဆေးခန်းသို့ ရောက်လာလေ့ရှိသည့် ခါးနာသူများမှာ ငယ်ငယ်ရွယ်ရွယ်နှင့် (၁) ကွန်ပျူတာရှေ့တွင် တစ်နေကုန်ထိုင်သူများ၊ (၂) ယခုခေတ်ရောဂါ တစ်နေကုန် ရောက်သည့်နေရာတွင် ထိုင်ပြီး ဖုန်းပွတ်နေသူများတွင် အဖြစ်များပါသည်

ခါးနာခြင်းနှင့်တွဲပြီး ဆီးသွားမကောင်းဖြစ်လျှင်၊ ဆီးတွင် အနည်အမှုန်များပါလျှင် ကျောက်ကပ်တွင် ကျောက်တည်သော ရောဂါကြောင့် ခါးနာခြင်းဖြစ်နိုင်သဖြင့် ဆရာဝန်ကြီးများပြပြီး ခေတ်မီ **Ultra-sound** ရိုက်ပြီး ကျောက်ကပ်တွင် ကျောက်တည်ခြင်း ရှိ မရှိ စစ်ဆေးသင့်ပါသည်။

ဝမ်းချုပ်လွန်သောသူများမှာလည်း ခါးနာတတ်သည်။ အိမ်သာတွင် အထိုင်ကြာသောကြောင့် ဖြစ်သည်။ ရိုးရိုးဆောင့်ကြောင့်ထိုင်ခြင်းထက် ဗိုလ်ထိုင်ခေါ် ကမုတ်နှင့် ထိုင်သည့်အိမ်သာက ပိုပြီး ခါးနာရောဂါကို သက်သာစေနိုင်သည်။ ဝမ်းချုပ်တတ်လျှင် အသီးအနှံ များများစား၊ ရေများများသောက်၊ ညအိပ်ရာဝင် မန်ကျည်းဖျော်ရည်သောက်ပေးလျှင် သက်သာစေနိုင်ပါသည်။

ခါးနာ ဆားနင်း၊ ဆွဲပွတ်ကုသနည်း

ခါးမှာ ရေစိုအဝတ်ကို (ရေကုန်အောင်ညှစ်ပြီးမှပတ်) ပတ်ထားပြီး ဆားနင်းပါ။ သို့မဟုတ် ပက်လက်အိပ်ပြီး ခြေဖဝါး ဆားပွတ်ပါ။ အခြားသူတစ်ယောက်ကို ပွတ်ခိုင်းရပါမယ်။ ရေဆွတ်ပြီး ပွတ်ပါ။ ခြောက်သွားရင် ရေထပ်ဆွတ် ၁၀ ကြိမ်ခန့် ပွတ်ပါ။ ခါးက ရေစိုအဝတ် ခြောက်သွားပါလိမ့်မည်။ တစ်နေ့ နှစ်ကြိမ်၊ နံနက်/ည ပြုလုပ်နိုင်ပါသည်။ ရေရှည် ပြုလုပ်ပါ။ လက်တွေ့ပျောက်သော နည်းဖြစ်ပါသည်။

ခါးနာအတွက် ဆေးနည်းတိုများ

- သက်ရင်းကြီးရွက်များကို ခါးတွင်ကပ်ပြီး အဝတ်ဖြင့် စည်းထားပါ။ နှစ်နာရီကြာလျှင်၊ ယားလာလျှင် ဖြေပေးပါ။
- သက်ရင်းကြီးရွက် ခုနစ်ရွက်ကို အိပ်ရာအောက်တွင် ခင်းအိပ်လျှင် ခါးနာသက်သာသည်ဟု ရှေးလူကြီးများ သုံးကြသည်။
- ကိုရန်ကြီး (ခတ္တာပင်) အရွက်ကို ပျော့အောင် မီးကင်ပါ။ မုန်ညင်းဆီ (သို့) နှမ်းဆီသုတ်၍ ခါးတွင်ကပ်ပြီး အဝတ်ဖြင့် ပတ်စည်းထားပါ။
- ဗာဒံရွက် (ဗန်ဒါရွက်) အစိမ်းရောင်အရွက်နုကို ခါးတွင် သုံးရွက်ခန့်ကပ်ပြီး ခါးနာလျှင် ပတ်သည့်ခါးပတ်ဖြင့် ပတ်ထားလျှင် ခါးကြောညှပ်၊ ခါးဆစ်နာ၊ သက်သာစေသည်။
- သဘော်ရွက်ကို ပျော့အောင်ရေနွေးစိမ် ခါးတွင်ကပ်ပြီး ပတ်ထားလျှင် သက်သာစေသည်။
- ချင်းခြောက်မှုန့် နှစ်ဆ+ လင်းနေမှုန့် တစ်ဆ+ သစ်ကြံပိုးခေါက်မှုန့် တစ်ဆ ရောစပ်၍ရေနွေးဖြင့် ကြေညက်အောင် ခေါက်ဖျော်ပြီး ဂွမ်း (သို့) ပတ်တီးစပေါ်တွင် သုတ်လိမ်း၊ ခါးတွင်ကပ်ပြီးအိပ်လျှင် ခါးနာ၊ ကျီးပေါင်းတက်နာ သက်သာစေနိုင်သည်။
- တောရှောက်မြစ်၊ ဝံအူမြစ်၊ စာသူငယ်ဦးနှောက်၊ ပိတောက်သားအနှစ်တို့ကိုသွေးပြီး လိမ်းပေး (သို့) အမှုန့်ကြိတ်ပြီး ရေဖြင့် ဖျော်လိမ်းပေးပါက ခါးနာသက်သာစေသည်။
- မိသလင်ဥ (သို့) အမှုန့်ကို ကြပ်ထုပ်လုပ်ပြီး ရေနွေးငွေ့ခံထိုးပေးလျှင် ခါးကိုက်၊ လှည့်စောင်းမရဝေဒနာ သက်သာစေသည်။
- ဆားခါးထုပ်ကို ရေစိမ်ကန်တွင်ထည့်ဖျော်ပြီး စိမ်ပေးလျှင် ခါးနာသက်သာစေသည်။
- တမာရွက်၊ သက်ရင်းကြီးရွက် (သို့) အခေါက်များ ပြုတ်ရည်ဖြင့် ရေချိုးပေးလျှင်လည်း ခါးနာသက်သာစေသည်။
- ခါးနာလျှင် ဆေးခါးကြီး (သို့) ရှမ်းဆေးခါးပြုတ်ရည် (အကြမ်းပန်းကန်တစ်လုံးစာ) တစ်နေ့ နှစ်ကြိမ်သောက်လျှင် သက်သာသည်။
- ဓာတ်စာအနေဖြင့် ခွေးတောက်ရွက်နှင့် ကြက်ရိုးဟင်းချိုချက်သောက်လျှင် သက်သာစေသည်။

ခါးနာအတွက် ဆေးပရုတ်ဆီချက်နည်း

- မင်သော်ဆီ နှစ်ကျပ်သား၊ မီသိုင်း သုံးကျပ်သား၊ ပက်ပါမင် ငါးကျပ်သား၊ ပရုတ် ၂၄ ကျပ်သား၊ ထင်းရှူးဆီ ၁၀ ကျပ်သား၊ မုန်ညင်းဆီ ၄၀ ကျပ်သား၊ ပျားဖယောင်း ၁၆ ကျပ်သား၊ (မုန်ညင်းဆီ အရင်တည်။ ဆူပြီးမှ ပျားဖယောင်းထည့်၊ ကျန်ဆေးမယ်များ အဆင့်ဆင့်ထည့်သွား။ မီးဖိုပေါ်မှ ချပြီးမှ နောက်ဆုံး ပရုတ်ထည့်ပါ။ အငွေ့လုံအောင် ခေတ္တအုပ်ထားပါ။ မအေးခဲမီ ဖန်ပုလင်းငယ်များတွင် ခွဲထည့်ပါ။ အေးခဲလျှင် ဆေးပရုတ်ဆီ ဖြစ်ပါသည်။)

မိမိအိမ်တွင် ကိုယ်တိုင်ဆေးဖော်ပြီး ဆေးချက်၍ သုံးစွဲနိုင်သော လိမ်းဆေးနည်းဖြစ်ပါသည်။ ။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

နွားထိုးကြီး စက်တင်ဘာ ၁၇

နွားထိုးကြီးမြို့နယ် နရွဲတောမြောက်ရွာ၌ ၂၄ နာရီ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆန်းတိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

နရွဲတော မြောက်ကျေးရွာ၌ အိမ်ခြေ ၂၀၀ ကျော်ကို ထရန်စဖော်မာ ၃၁၅ အိုးဖြင့် မီးလင်းပေးခြင်းဖြစ်ပြီး နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာ ၁၁၅ ရွာ၌ ၂၄ နာရီ လျှပ်စစ်မီး ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့် (ဥပဒေ)

စုကလိမြို့ မုလအိတောင်ခြေ၌ စုပေါင်းလုပ်အားပေး

မြဝတီ စက်တင်ဘာ ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့ KNU/KNLA တပ်ရင်း (၁၀၃) အခြေပြုနယ်မြေအတွင်း တည်ရှိသည့် မုလအိတောင်ခြေ တာနေသထကျေးရွာ လမ်းဆုံ၌ စက်တင်ဘာ ၁၆ ရက်က ဒေသခံပြည်သူများနှင့် တပ်ရင်းတပ်ဖွဲ့များ အကြား ချစ်ကြည်စည်းလုံးမှုရှိစေရေး၊ နယ်မြေခံ တပ်မတော်၊ KNU/KNLA (၁၀၃)တပ်ရင်း၊ DKBA တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများပါဝင်သည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စုပေါင်း လုပ်အားပေးခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က မြဝတီ-စုကလိသည် သွားလာရခက်ခဲ့တဲ့ ဒေသဖြစ်သောကြောင့် ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ သွားလာရာတွင် အခက်အခဲနှင့် အချိန်ကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း၊ ဥကရစ်ထကျေးရွာမှ စုကလိမြို့အထိ ၁၂ မိုင် ၄ ဖာလုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် မြေသားလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး မိုးတွင်းကာလတွင် မိုးရာသီရေတိုက်စားမှုကြောင့် သွားလာရေးခက်ခဲကာ ခရီးကြမ်းအပိုင်းဖြစ်သော နတ်စင်ကုန်းမှ တာနေသထရွာထိပ်အထိ ၃ မိုင် ၅ ဖာလုံအား KNU/KNLA တပ်ရင်း (၁၀၃)မှ ဦးဆောင်၍ ခန့်မှန်းရန်ပုံငွေကျပ် သိန်း ၂၀၀ ခန့် ကုန်ကျခံကာ မြေသားလမ်းဖြည့်တင်းခြင်းလုပ်ငန်းနှင့် နတ်စင်ကုန်းအတက် ၅ ဖာလုံခန့်အား ဝဲယာကားဘီး နှစ်ကြောင်းစာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

KNU/KNLA (၁၀၃) တပ်ရင်း၊ DKBA တပ်ဖွဲ့နှင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လမ်းဘေးချုံနွယ်များရှင်းလင်းခြင်း၊ လမ်းပြုပြင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

ဘူးသီးတောင်နှင့် မောင်တောမြို့တို့ရှိ နေရပ်စွန့်ခွာတိမ်းရှောင်လျက်ရှိသည့် ဒေသခံများအား ထောက်ပံ့ငွေပေးအပ်

မောင်တော စက်တင်ဘာ ၁၇
ရန်ကုန်မြို့ ပုလဲမြို့သစ်ကျောင်းတိုက်မှ ရမ်းဗြဲဆရာတော် ဘဒ္ဒန္တနန္ဒပါလ အမှူးပြုပြီး ကချင်ပြည်နယ် ဖားကန့်မြို့ ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကာ ဖားကန့်မြို့ မြစ်ကြီးနားမြို့ မိုးညှင်းမြို့များရှိ ရခိုင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ တိုင်းရင်းသားညီနောင်များနှင့် တိုင်းရင်းသားလူမှုရေးအသင်း(မန္တလေး)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရခိုင်ပြည်နယ် ရက္ခိုတစွမ်းအားအဖွဲ့နှင့်အတူ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့၌ နေရပ်စွန့်ခွာ တိမ်းရှောင်ခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအတွက် ယနေ့တွင် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် မဟာအောင်မြေ အလိုတော်ပြည့်ကျောင်းနှင့် အေးစေတီကျောင်းများသို့ သွားရောက်ပြီး ယာယီခိုလှုံနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေကျပ် ၆၅ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်၌ ယာယီခိုလှုံပြီး ပညာဆက်လက်သင်ကြားနေသည့် တောင်ပြိုလက်ဝဲနံ့သာတောင်ကျေးရွာ နံ့သာတောင် အခမဲ့ပညာဒါနပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၇၅ ဦးနှင့် ဆရာဆရာမ ၁၇ ဦးတို့အား ဆရာတော်က အားပေးစကား ချီးမြှင့်ကာ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို နံ့သာတောင်ကျောင်း ဆရာတော်ဦးစရဏထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် နံ့သာတောင်ကျောင်းဆရာတော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအဖွဲ့သည် ယနေ့တွင် ဘူးသီးတောင်နှင့် မောင်တောမြို့တို့ရှိ ယာယီကယ်ဆယ်ရေးစခန်းသုံးခုအတွက် ငွေကျပ် ၁၁၅ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်သွင်

တိုက်ကြီးမြို့နယ် အဖျောက်မြို့အနီး ဧရာဝတီမြစ် ကမ်းပါးပြိုကျမှုကြောင့် နေအိမ်လေးလုံးရွှေ့ပြောင်း

ရန်ကုန် စက်တင်ဘာ ၁၇
တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာ၌ စက်တင်ဘာ ၁၆ ရက် ညသန်းခေါင်ကျော်ခန့်က ဧရာဝတီမြစ်ကမ်းပါးအလျား ၁၀ ပေ အနံသုံးပေခန့် ပြိုကျခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျမှုကြောင့် ယင်းကျေးရွာရှိ နေအိမ်လေးလုံး၊ အိမ်ထောင်စု လေးစုမှ လူဦးရေ ၁၇ ဦးတို့သည် မြစ်ကမ်းပါးပြိုကျရာ စိုးရိမ်ရသဖြင့် ၎င်းတို့၏ နေအိမ်အမိုးအကာနှင့် အသုံးအဆောင်ပစ္စည်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကာ ၎င်းတို့၏ဆွေမျိုးများရှိရာ နေအိမ်များသို့ သွားလာနေထိုင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဩဂုတ် ၅ ရက်ကစတင်၍ စက်တင်ဘာ ၁၆ ရက်အထိ တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာရှိ လူနေအိမ်ခြေ ၇၃ လုံး အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၂၉၀ တို့ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိ ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွှေ့ပြောင်းနေထိုင်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

နေရပ်စွန့်ခွာ ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ထောက်ပံ့ပစ္စည်းပေးအပ်

မင်းပြား စက်တင်ဘာ ၁၇
မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသများမှ အကြမ်းဖက်မှုကြောင့် မိမိနေရပ်ဒေသကို စွန့်ခွာပြီး မိဘဆွေမျိုးများထံခိုလှုံလာကြသော ဒေသခံပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မင်းပြားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်စောအောင်က အသင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး မျိုးဇော်ထွန်းက ကျေးရွာပေါင်း ၇၆ ရွာ၌ ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ပေးနေမှုများ အသိပညာပေး လုပ်ရှားမှု ဆောင်ရွက်နေမှုအခြေအနေများနှင့် နေရပ်စွန့်ခွာ ပြည်သူများအား ကူညီထောက်ပံ့ပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းပြီး မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသများ၌ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာပြီး မိဘဆွေမျိုးများထံ ရောက်ရှိခိုလှုံလာသော အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၄၅၀ အတွက် မိုးကာ၊ ခြင်ထောင်၊ စောင်၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ မီးဖိုချောင်သုံးပစ္စည်းများကို အိမ်ထောင်စုအလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဓာတ်အားပိုမိုရရှိရေး ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

ကန့်ဘလူ စက်တင်ဘာ ၁၇
ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပြည့်မီရေးနှင့် တိုးချဲ့ဖြန့် ဝေပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင် နဘား-ရွှေဘို-အုန်းတော ၂၃၀ ကေဗွီအေဓာတ်အားလိုင်း မိုင် ၁၈၀ သွယ်တန်းခြင်း၊ ဓာတ်တိုင်များ စိုက်ထူခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းစီမံကိန်းတစ်ရပ်ကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ ၂၃၀ ကေဗွီအေ မိုင် ၁၈၀ ဓာတ်အားလိုင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ကောလင်း မြို့နယ်များ၊ ကန့်ဘလူမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်များနှင့် စစ်ကိုင်းမြို့နယ်တို့ကို ဖြတ်သန်းတည်ဆောက်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းကို Central China Power Grid (CCPG)ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး တာဝါတိုင်တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်းတို့ကို ယခုနှစ်တွင်စတင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်တွင် ဓာတ်အားခွဲရုံများ တည်ဆောက်၍ ၂၀၁၉ ခုနှစ်တွင် ဓာတ်အား စတင်ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

သာစည်မြို့နယ်၌ မိုးနှင့်အတူ လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီး၊ မိုးကြိုးပစ်မှုကြောင့် လူတစ်ဦးသေဆုံး

သာစည် စက်တင်ဘာ ၁၇
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက်အချို့တို့တွင် သစ်ပင်များပြိုလဲ၍ နေအိမ်အချို့ပျက်စီးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

စက်တင်ဘာ ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် မန်ကျည်းကန်ကျေးရွာရှိ ဦးအောင်သောင်း၏ သုံးပင်ပတ်လည်ခြေတံရှည်နေအိမ် အရှေ့ဘက်အခြမ်း အဖီနှင့် အိမ်မကြီးအား မန်ကျည်းပင်ကိုင်း ပြုတ်ကျခဲ့ကာ ဦးမောင်ဌေး၏ သုံးပင်ပတ်လည် နေအိမ်အမိုးသွပ်များ ပျက်စီးခဲ့ပြီး အမှတ်(၄) မြို့မရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၏တောင်ဘက် အုတ်တံတိုင်းနှစ်ခန်းတွဲပေါ်သို့ သစ်ကိုင်းပြိုလဲခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့အပြင် ဟံဇားကျေးရွာ မြိုင်သာကျေးရွာအုပ်စု အုတ်တွင်းရွာတွင် ဦးဖိုးသကြိန်(၂၅နှစ်)နှင့် ၎င်း၏ဇနီး မဝင်း(၂၃နှစ်)တို့သည် ဇဝင်းကျေးရွာအနောက်ဘက် လေးဖာလုံခန့်အကွာတွင် အုတ်ဖုတ်သည့်ဖိုကို မီးထိုးပေးနေစဉ် မိုးကြိုးပစ်ချခဲ့ရာ ဦးဖိုးသကြိန်မှာ မိုးကြိုးထိမှန်၍ ဒဏ်ရာများဖြင့် နေရာ၌ သေဆုံးခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူတွင် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။ ယခုအခါ မြို့ပေါ်တွင် သစ်ပင်များ ပြိုလဲပျက်စီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ကို(သာစည်)

စစ်တွေမြို့နယ်၌ နေအိမ်မီးရှို့မှုဖြစ်ပွား၊ မောင်တောမြို့နယ်၌ မသင်္ကာသူငါးဦး ဖမ်းရမိ

နေပြည်တော် စက်တင်ဘာ ၁၇
မောင်တောတောင်ပိုင်း ဂေါ်ဒူသာရ တံတားကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက တုံးချောင်းဝကျေးရွာပတ်ဝန်းကျင်အား လှည့်ကင်းဆောင်ရွက်စဉ် မှိုဝင်ကင်း စခန်းနှင့် ဂေါ်ဒူသာရချောင်းဝကြား၌ မသင်္ကာသူ ဆာဒစ်ရော်ဖီး(စိစစ်ဆဲ)ပါ ငါးဦးအား ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နေ စိုးနိုင်(ခ)ရာဇာအာရ်ဖတ် (၁၆နှစ်) သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲ က အဘွားဖြစ်သူ ဒေါ်ဟာမီဒါ(၇၃နှစ်) ထံမှ ငွေကျပ် ၁၀၀၀၀ တောင်းခံရာ မပေးသဖြင့် နေအိမ်အား မီးရှို့ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် တန်ဖိုးငွေကျပ် ၇၅၀၀ မီးလောင်ဆုံးရှုံးခဲ့ပြီး မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အိမ်မီးရှို့သူ စိုးနိုင် (ခ) ရာဇာအာရ်ဖတ် (ဖမ်းမိ)အား စစ်တွေမြို့မရဲစခန်း၌(ပ) ၉၁၀/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၄၃၆ (မီးရှို့မှု)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော နွားအကောင် ၃၀ ဖမ်းဆီးရမိ

မကွေး စက်တင်ဘာ ၁၇

မကွေးမြို့နယ် မကွေးမြို့၏ အရှေ့ဘက် မကွေး-နတ်မောက်ကားလမ်း မိုင်တိုင်အမှတ်(၃၃၆/၂)နှင့် (၃၃၆/၃)ကြား မကွေးမြို့အဝင် မြောက်ဂိတ်အလွန်တွင် စက်တင်ဘာ ၁၄ ရက်က အထက်မြန်မာပြည်စောင့်ကြည့်ရေးအဖွဲ့ (အရပ်ဘက်လူမှုရေးအဖွဲ့)မှ ဦးခင်မောင်သိန်း (ဥက္ကဋ္ဌ)နှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ကောင်းမွန်တိုးဂိတ်၌ မကွေးမြို့ဘက်မှ နတ်မောက်-ရေနံချောင်းသွားလမ်း မကွေးမြို့ အရှေ့ဘက်သို့ မောင်းနှင်လာသော MDY 4N/ --- ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားမဝင်နွားများ သယ်ဆောင်လာသည်ကို သိရှိရသဖြင့် သက်ဆိုင်ရာသို့ သတင်းပို့ခဲ့သည်။

ထိုသို့ အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အချိန်မီရောက်ရှိလာစဉ် တရားမဝင်နွားများသယ်ဆောင်လာသူ အမျိုးသားနှစ်ဦးမှာ ယာဉ်ကိုရပ်တန့်ထားခဲ့ပြီး အဆိုပါယာဉ်၏ရှေ့တွင် ကြိုတင်ရောက်နေသည့် ယာဉ်ငယ်ပေါ်သို့ တက်ကာ ထွက်ပြေးသွားကြသဖြင့် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် မကွေးနယ်မြေရဲစခန်းသို့ ယာဉ်အား မောင်းနှင်ရွှေ့ပြောင်းပြီး စစ်ဆေးရာ ယာဉ်ပေါ်၌ နွားအကောင် ၃၀ ကို တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။ နွားများကို အထောက်အထား တစ်စုံတစ်ရာ ပါရှိခြင်းမရှိဘဲ သယ်ဆောင်လာသူ အမျိုးသားနှစ်ဦးနှင့် ထွက်ပြေးနိုင်ရန် အကူအညီပေးသူတို့အား စက်တင်ဘာ ၁၄ ရက်က မကွေးနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မကွေးဝင်းမောင်

ဘားအံမြို့နယ်နှင့် ကျွန်းစုမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

မူးယစ်တပ်ဖွဲ့စု(၃၁)ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့နယ် သံလွင်တံတား အသုံးပြုခကောက်ခံရေးဂိတ်အနီး၌ စောအောင်ကျော်ကျော် မောင်းနှင်ပြီး မောင်သာလိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၄၉၁ ပြားနှင့် ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ ကွင်းဆက်အရ စောပန်းအေးနေထိုင်သည့် ဘားအံမြို့နယ် မုက္ကဒိကျေးရွာအုပ်စု ကမ်းကြီးကျေးရွာအပြင်ရှိ ရော်ဘာခြံအတွင်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၉၉ ပြား၊ အိုက်စ် သုည ဒသမ ၀၂၉ ကီလိုတို့ကိုလည်းကောင်း၊ မုက္ကဒိကျေးရွာအုပ်စု ကမ်းကြီးကျေးရွာရှိ စောပန်းအေး၏နေအိမ်ကိုရှာဖွေရာ ဖုန်းနှစ်လုံးနှင့် ငွေကျပ်နှစ်သိန်းတို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ကံမော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းစုမြို့နယ် မဲတောကျေးရွာနေ မျိုးဝင်းစိုး၏နေအိမ်ကိုရှာဖွေရာ ၎င်း၏အစ်မ မမေဝင်းကိုတွေ့ရှိပြီး အိပ်ခန်းအတွင်းမှ ဘိန်းစာမှုန့် ၅၈ ဒသမ ၃၈ ကီလိုကိုလည်းကောင်း၊ မဲတောကျေးရွာနေ မင်းမြတ်ဇော်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းစာမှုန့် ၈ ဒသမ ၆၄ ကီလိုကိုလည်းကောင်း၊ ထို့အတူ မဲတောကျေးရွာနေ မမိုးမိုးစန်း၏နေအိမ်ကိုရှာဖွေရာ နေကျောက်ခဲနှင့် တာလဝေါတို့ကိုတွေ့ရှိပြီး ဘိန်းစာမှုန့် ၆၄ ဒသမ ၂ ကီလိုနှင့် ငွေကျပ် သိန်း ၂၀ တို့ကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် TERMINAL-2 ရှေ့ရှိ ဟိုတယ်အပေါ်ထပ်၌ မီးလောင်မှုဖြစ်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် TERMINAL-2 ရှေ့ ဟိုတယ်တစ်ခုအပေါ်ထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်၌ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာနမှ ပျက်စီးဆုံးရှုံးမှုတန်ဖိုးနှင့် မီးလောင်ရသည့်အကြောင်းအရင်းကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ ကနဦးသတင်းရရှိသည်။

(မြန်မာ့အလင်း)

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တားဆီးစစ်ဆေးရာမှ Gas အသုံးပြုခြောက်လုံးပြူး၊ ပစ္စတိုနှင့် ကျည်တောင့်များဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၁၇

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၁ စီး၊ သွင်းကုန်အစီး ၃၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး ၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၂၂၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၈၂၂ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃ ဒသမ ၀၄၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၆ ရက် က ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင် Zhong Tong အမျိုးအစားယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်၏အောက်ယာဘက်နေရာ မှ ရန်ကုန် အောင်ဆန်းကွင်းကားဂိတ်သို့ ကိုဝဏ္ဏအမည်ဖြင့် အမှတ်အသားရေးသားထားသည့် အဝါရောင်ကတ်ထူဘူးအတွင်းမှ Gas အသုံးပြုသည့် ခြောက်လုံးပြူးသေနတ် လေးလက်၊ Gas အသုံးပြုသည့် ပစ္စတိုသေနတ် တစ်လက်၊ ကျည်အတောင့် ၆၀ နှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရှိ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Gas အသုံးပြုသည့် ခြောက်လုံးပြူးသေနတ်၊ Gas အသုံးပြုသည့် ပစ္စတိုသေနတ်နှင့် ကျည်အတောင့် ၆၀ ကို တွေ့ရစဉ်

ဖန်းမောက်မြို့နယ်တွင် ခြိမ်းခြောက်၍ ပစ္စည်းလုယူမှုတစ်ခုဖြစ်ပွား

ဖန်းမောက် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် ချဉ်ပေါင်ကုန်းရွှေမော်အနီးတောထဲ၌ ခြိမ်းခြောက်၍ ပစ္စည်းလုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခန့်က ဖန်းမောက်မြို့နယ် ချဉ်ပေါင်ကုန်း ရွှေမော်အနီးတောထဲ၌ မဝင်းခိုင်နှင့်သမီးဖြစ်သူ မမြင့်မြင့်ခိုင်တို့ အတူရှိနေစဉ် ၎င်းတို့နောက်တွင် လူတစ်ဦးက အရိုးအသွားကိုးလက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းကိုင်၍ ခြိမ်းခြောက်ပြောဆိုကာ မမြင့်မြင့်ခိုင်၏နားမှ နားကပ်တစ်ရံနှင့် SANYAN အမျိုးအစားဆိုင်ကယ်ကိုပါယူသည့်အပြင် မဝင်းခိုင်ကိုလည်း ထင်းချောင်းဖြင့်ရိုက်၍ ထွက်ပြေးသွားခဲ့သည်။ မဝင်းခိုင်က ဖန်းမောက်မြို့နယ် မံစီကြီးရဲကင်းစခန်းသို့ တိုင်ကြားခဲ့ပြီး ပြစ်မှုကျူးလွန်သူအားဖမ်းမိရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)

အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၁)ဒသမတန်းမှ မောင်ရန်နိုင်၏ အမည်မှန်မှာ မောင်ရန်နိုင်မြင့် ၉/မခန(နိုင်)၂၅၈၉၇၃ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၉/မခန(နိုင်)၀၄၁၂၆၁ ဖြစ်ပါကြောင်း။

မောင်ရန်နိုင်မြင့် ၉/မခန(နိုင်)၂၅၈၉၇၃
ဦးမြင့်ဦး ၉/မခန(နိုင်)၀၄၁၂၆၁

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/7216 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(မိတ္ထီလာ)

ဖခင်အမည်မှန်

ချောက်မြို့နယ်၊ ကြောင်ယာတော (အထက)န၀မတန်းမှ မခင်ချိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/ခမန(နိုင်)၁၅၃၈၂၄ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

မွေးသက္ကရာဇ်အမှန်

မြင်းခြံမြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း အခန်း(G)မှ မောင်အောင်ခင်းသား(ခ)မောင်မျိုးဟိန်းထက်၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၄-၂၀၀၂ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ် ၉-၄-၂၀၀၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၈၈၅၉၇ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင် ၉/ခအဇ(နိုင်) ၀၁၄၆၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ အမှတ် ၃/၂၁၂၊ ၃လမ်းနေ ဦးမြင့်အောင်-ဒေါ်ခင်ထွေးဝင်းတို့၏သား မောင်ဝင်းကိုမြင့် ၇/တငန(နိုင်)၁၆၁၄၉၈ သည် မိဘများကို စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူမည်မဟုတ်ပါ။

ဦးမြင့်အောင်-ဒေါ်ခင်ထွေးဝင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံ-၂၇ လမ်း၊ မြေကွက်အမှတ်(၆၉၇/က)ဟုခေါ်တွင်သော (ပေ ၂၀×ပေ ၆၀)အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်လှရှင် အမည်ပေါက်လျက်ရှိသော မြေနှင့်အကျိုးခံစားခွင့်တို့ဖြစ်ပါသည်။ ယခုရောင်းချသူများက ဒေါ်လှရှင်ကွယ်လွန်ကြောင်း အဆိုပြုပြီးဒေါ်လှရှင်၏ အမွေဆက်ခံခွင့်ရှိသူ သားသမီးများထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးခိုင် ၇/ပခန(နိုင်)၂၄၄၀၆၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား၊ စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဌေးဌေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(005-B)၊
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၆၆၀၇၊ ၀၉-၄၄၃၁၇၆၆၀၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/7128 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန**
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8277 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန**
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3207 Up-2L/T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော်လင်း ၁၂/သကတ(နိုင်)၀၀၁၉၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1639 Yadanar Tun MPV, Microbus(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၁၂/ဒဂန(နိုင်)၀၁၆၁၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/5364 Toyota Landcruiser Pardo K2J , Station Wagon (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၁၂/ဗဟန(နိုင်)၀၃၈၅၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်
Open Tenderခေါ်ယူခြင်း

တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ထားဝယ်- မြိတ်လမ်းပေါ်ရှိသမုတ်-လွတ်လွတ်တံတား၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တနင်္သာရီတံတားနှင့် ကော့သောင်း-ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ရေယာဉ်များအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသည်။

သံချောင်းလုံးရှယ်စုံ၊ ဘိလပ်မြေ၊ ခွဲကျောက်(ရှယ်စုံ)၊ တောသစ်၊ မြစ်သဲ၊ နုံး သဲ၊ ရိုက်သံ(ရှယ်စုံ)၊ Admixture, Binding Wire, Welding Rod (5kg), 4mm tk; M.S Plate(8'x4'),Steel Wire Rope, 2.3mm Thin Sheet(8'x4'), Bentonite, Ready Made Concrete, Carbide Tip, Angle Iron (3"x3"x 3/8") (6m L), Barge 1200 Ton, Z-Craft

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာ ပုံစံများကို ၂၀-၉-၂၀၁၇ရက် မှ ၁၅-၁၀-၂၀၁၇ရက်အထိ ရုံးချိန်အတွင်းတည်ဆောက်ရေးအဖွဲ့ (၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ်(၂)၊ ရန်ကုန်မြို့ (ဖုန်း-၀၉-၄၂၂၄၈၆၀၈၇)နှင့် တံတားအထူးအဖွဲ့ (၁၃)ရုံး၊ မြိတ်မြို့ (ဖုန်း-၀၉-၄၂၂၁၉၄၉၅)တို့တွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်မည့် ရက်/အချိန် -၁၇-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့် ရက်/အချိန် -၁၇-၁၀-၂၀၁၇ရက် နံနက် ၁၁နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ -တံတားအထူးအဖွဲ့ (၁၃)ရုံး၊ မြိတ်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တည်ဆောက်ရေးအဖွဲ့(၄)

ရန်ကုန်အသင်း အိမ်ကွင်း၌ နိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၁၇

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ဟံသာဝတီအသင်းကို နှစ်ကျော့စလုံး အနိုင်ယူပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်နိုင်ခဲ့သည်။ ဟံသာဝတီအသင်း၏ ရုန်းကန်မှုကြောင့် ရန်ကုန်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ပထမပိုင်းတွင် ရရှိခဲ့သည့် ပယ်နယ်တီဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ရန်ကုန်အသင်းတွင် ဒဏ်ရာရနေသည့် ဂိုးသမား ကျော်ဇင်ထက်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ဟံသာဝတီအသင်းတွင်မူ နိုင်ငံခြားသားကစားသမားတစ်ဦးသာ ပါဝင်ခဲ့ပြီး ပြည်တွင်းအမာခံကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် လူစုံပါဝင်နိုင်ခြင်းမရှိသော်လည်း အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဟံသာဝတီအသင်း၏ ခပ်မာမာတုံ့ပြန်မှုကြောင့် ရန်ကုန်အသင်း အိမ်ကွင်း၌ ရုန်းကန်ခဲ့ရကာ ၃၆ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ယင်းပယ်နယ်တီကို အီမာဆင်က ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ဖိကစားခဲ့သော်လည်း ရန်ကုန်အသင်း ခံစစ်ပိုင်းက ဖျက်ထုတ်နိုင်ခဲ့သောကြောင့် အနိုင်ရလဒ်ကို ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအပြီး အမှတ်ပေးဇယားထိပ်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ၄၄ မှတ်၊ ရန်ကုန်အသင်းက ၄၂ မှတ်ရထားပြီး လက်ကျန်လေးပွဲမှာ အရေးပါလျက်ရှိကာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ် ရှိနေသည်။

ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားနေစဉ်

ပွဲစဉ် (၁၈) နောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၁၈ ရက် **(ယနေ့)** တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း

ဓာတ်ပုံ-စိုးညွန့်

မန်ယူတို့ အဲဗာတန်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး လန်ဒန်ဒါဘီ ချယ်လ်ဆီး နှင့် အာဆင်နယ်တို့ သရေပွဲဖြစ်

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ် (၅) ပြိုင်ပွဲများကို စက်တင်ဘာ ၁၇ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူနှင့် အဲဗာတန်တို့ပွဲတွင် မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းတွင် မန်ယူကစားသမားဟောင်းများဖြစ်သည့် ရွန်းနီနှင့် ရှနိုက်ဒါလင်တို့ ပါဝင်၍ အသင်းဟောင်းနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ ပထမပိုင်း လေးမိနစ်တွင် ဗလင်စီယာက အဲဗာတန်ဂိုးစည်းအပြင်ဘက်မှ တိုက်ရိုက်ကန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားခဲ့ပြီး မန်ယူအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် လူကာကူ ဖန်တီးပေးသော ဘောလုံးကို အမ်ခီတာယန်က သွင်းယူပေးသည်။ တတိယဂိုးကို လူကာကူက ၈၉ မိနစ်တွင် သွင်းယူပေးပြီး ပွဲပြီးခါနီးတွင်ရရှိသည့် ပယ်နယ်တီပြစ်ဒဏ်ဘောကို မာရှယ်က သွင်းယူ၍ မန်ယူအတွက် စတုတ္ထဂိုး ရရှိခဲ့သည်။

လန်ဒန်ဒါဘီပြိုင်ပွဲဖြစ်သော လက်ရှိချန်ပီယံ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် ချယ်လ်ဆီး နောက်တန်းကစားသမား ဒေးဗစ်လုဇ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ယခုအပတ် စနေနေ့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် စပါးနှင့် ဆွမ်ဆီးတို့ပွဲမှာလည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

ပွဲစဉ် (၅)အပြီးတွင် မန်စီးတီးနှင့် မန်ယူတို့ ရမှတ် ၁၃ မှတ်စီ တူသော်လည်း ဂိုးကွာခြားချက်အသာဖြင့် မန်စီးတီးက ဇယားထိပ်၌ ရပ်တည်နေသည်။ ချယ်လ်ဆီးက ရမှတ် ၁၀ မှတ်ဖြင့် အဆင့် (၃)၊ အာဆင်နယ်အသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် (၁၂) တွင် ရပ်တည်နေသည်။ **သီဟ**

❖ *ကျောဖုံးမှ*

မြန်မာအသင်းသည် ခြေစွမ်းပိုင်းအရ ကွာခြားမှုသိပ်မရှိခဲ့သော်လည်း အဆုံးသတ်မသေချာခြင်း၊ ခံစစ်ပိုင်းအားနည်းခြင်းနှင့်အတူ ဂိုးများ လွယ်လွယ်ကူကူ ပေးခဲ့ရခြင်းတို့ကြောင့် ခုနစ်ဂိုးအထိပေးရကာ ရှုံးနိမ့်သွားခြင်းဖြစ်သည်။ အုပ်စုတူအသင်းများ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲရှုံးကြွေး ပြန်မဆပ်နိုင်ခဲ့ဘဲ တတိယနေရာနှင့်ပါ လွဲချော်ခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အဓိကကွင်းလယ်ကစားသမားများဖြစ်သည့် မြတ်ကောင်းခန့်နှင့် အံ့မော်ဦးတို့ကို အနားပေးထားသောကြောင့် ပွဲအစတွင် ကစားကွက်တည်မရဖြစ်ခဲ့ပြီး ၎င်းကစားသမားနှစ်ဦး ဝင်လာပြီးနောက်ပိုင်းမှ ကစားပုံပြန်ကောင်းလာခဲ့သည်။ အင်ဒိုနီးရှားတိုက်စစ်သည် မြန်မာခံစစ်ပိုင်းအားနည်းမှုကို အခွင့်ကောင်းယူကာ တိုက်စစ်ဆင်ခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ်သွင်းယူခဲ့သည်။ အင်ဒိုနီးရှားအတွက် ဂိုးများကို ၁၃ မိနစ်တွင် ရာဖလီ၊ ၂၇ မိနစ်တွင် ဆူလီမန်နှင့် ၃၄ မိနစ်တွင် ဗစ်ကာရီတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အခွင့်အရေးများ ရခဲ့သော်လည်း အဆုံးသတ်မသေချာခဲ့ပေ။ လွင်မိုးအောင်၏ကန်ချက် တိုင်ထိထွက်ခဲ့သလို ဝင်းနိုင်ထွန်း၊ စိုးမိုးကျော်တို့၏ ဂိုးသွင်းမှုများမှာလည်း လွဲချော်ခဲ့သည်။ အင်ဒိုနီးရှားအသင်းအတွက် ဂိုးများကို မိနစ် ၆၀ တွင် ရာဖလီ၊ ၇၃၊ ၉၂ မိနစ်တွင် ပူထရာ၊ ၈၆ မိနစ်တွင် ဗစ်ကာရီတို့က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၁ မိနစ်တွင် ပြည့်စုံနိုင်က သွင်းယူခဲ့သည်။

ဗိုလ်လုပွဲတွင် ထိုင်းအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေပြီး ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၉ မိနစ်တွင် ပန်ရာ၊ ၅၁ မိနစ်တွင် ကာမန်တို့က သွင်းယူခဲ့သည်။ ထိုင်းအသင်းသည် ချန်ပီယံဆုကို ငါးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ ထိုင်းအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလား၊ ဒုတိယဆုရ မလေးရှားအသင်းနှင့် တတိယဆုရ အင်ဒိုနီးရှားအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအရောင်းစင်တာတစ်ခုဖြစ်သည့်

PRO 1 Home Center ၏ ဆဌမမြောက်ဆိုင်ခွဲ

(Mawlamyine Branch) ဆိုင်သစ်ကြီးအား

16.9.2017ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

ဆတက်ထမ်းပိုး တိုးချဲ့ဖွင့်လှစ်နိုင်ပါစေကြောင်း

ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

AEK SONY HITACHI Hisense Rinnai Midea beko LG I.E.M Company Limited ARISTON RR LiOA Schneider Electric BOSCH

ဆောက်လုပ်ရေးဝန်ကြီးဌာန
အဆောက်အဦအထူးအဖွဲ့(၉)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် ၁/၂၀၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦအထူးအဖွဲ့(၉)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ချင်းပြည်နယ်အတွင်းရှိ လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** -၉-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ

၂။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်**-၉-၁၀-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၉)၊ ဟားခါးတွင် ၂၅-၉-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၇၆၂၆၂၁၈၁၂သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အထူးကိုယ်စားလှယ်လွှဲစာ (S.P) ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တရားရုံးချုပ်တင်ရုံးတွင် ဦးခင်ဝင်း (ဘ) ဦးရွှေစိန် (၁၂/ကမရ (နိုင်) ဝ၄၉၄၂၇)၊ တိုက်အမှတ် (၁)၊ အခန်းအမှတ် (၂၀)၊ (ပထမထပ်)၊ အင်းစိန်လမ်းမ၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူက ဒေါ်ရင်ရင်နွယ် (ဘ) ဦးစံအိုက် (၉/မကန (နိုင်) ၀၂၄၆ရရ)၊ အမှတ် (၅၂၄)၊ ၁၄အိမ်စု(၁)လမ်း၊ ပဲခွယ်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူအား (၂၁-၁-၂၀၁၆)ရက်စွဲဖြင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၂/၂၀၁၆)၊ (၃၈၃/၂၀၁၆)တို့ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ ပြုလုပ်ထားခြင်းကို အကြောင်းကြောင်းကြောင့် ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဒေါ်ရင်ရင်နွယ်အနေဖြင့် ယင်းကိုယ်စားလှယ်လွှဲစာကို အကြောင်းပြု၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဦးခင်ဝင်း (ဘ) ဦးရွှေစိန် (၁၂/ကမရ (နိုင်) ၀၄၉၄၂၇)
တိုက်အမှတ် (၁)၊ အခန်းအမှတ် (၂၀)၊ (ပထမထပ်)၊ အင်းစိန်လမ်းမ၊
(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၃)လမ်း၊ အမှတ်(၆၆၈-A) ပထမထပ်နေ ဦးစံမြင့် (၁၂/သကတ(နိုင်)၀၆၈၈၀၅)တိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေထံသို့ (၄. ၈. ၂၀၁၇)ရက်နေ့က ဒေါ်လှလှဌေး မှပေးအပ်ခဲ့သော အထူးကိုယ်စား လှယ်လွှဲစာ၏ Reg. No: 1168/4817 သည် (၁၀. ၉. ၂၀၁၇)ရက်နေ့က မူရင်းသည် ပျောက်ဆုံးခဲ့ပြီး မိတ္တူသာလက်ဝယ် ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသက်အောင်(LL.B) ဒေါ်ခင်ထွေးငယ်(LL.B)
စဉ်-၄၂၇၀၄ စဉ်-၄၃၅၆၂

အထက်တန်းရှေ့နေများ
အမှတ်(၁၀)၊ရုံးပတ်လမ်း၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၀၁၅၄၃၁၀၀

တာလင်မုန်တိုင်း ဂျပန်အရှေ့မြောက်ပိုင်းကိုဖြတ်ကျော်ရန်ဦးတည်

တိုကျို စက်တင်ဘာ ၁၇
အင်အားပြင်းအပူပိုင်းမုန်တိုင်းတာလင်သည် ဂျပန်နိုင်ငံ တောင်ပိုင်းကျူရှူးကျွန်းပေါ်သို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီး နိုင်ငံတောင်ပိုင်းတစ်လျှောက် ဖြတ်သန်းသွားလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

မိုးလေဝသအေဂျင်စီ၏ ပြောကြားချက်အရ တာလင်မုန်တိုင်းသည် တိုင်ဖွန်းမုန်တိုင်းမှ အင်အားလျော့နည်းသွားခဲ့ပြီး တနင်္ဂနွေနေ့ညနေခင်း မတိုင်မီတွင် ကာဂိုရှီးမား စီရင်စုအတွင်း ဝင်ရောက်လာခဲ့သည်။ ညနေ ၃နာရီတွင် မုန်တိုင်းသည် အိမ်နီးချင်းမီယာဇာကီစီရင်စုအတွင်းရှိ ဟူဂါမြို့အနီးသို့ ရောက်ရှိလာခဲ့ကာ တစ်နာရီလျှင် ၃၀ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားခဲ့ကြောင်း ဖော်ပြခဲ့သည်။

မုန်တိုင်းသည် ဗဟိုလေထုဖိအား ၉၇၅ ဟက်တိုပါစက်ကယ်လ်ရှိပြီး မုန်တိုင်းဗဟို၌ လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၀ ကီလိုမီတာကျော်လွန်ခဲ့ကြောင်း သိရသည်။ အဆိုပါနေ့ညနေခင်းတွင် အိုတာစီရင်စု၊ စူကူမီနှင့် ဆိုင်ကီမြို့ကြီးများတွင် နာရီများစွာကြာအောင် မိုးရွာသွန်းခဲ့ပြီး မိုးရေချိန်လက်မ ၁၀၀ မီလီမီတာကျော်ရှိခဲ့သည်။

မုန်တိုင်းသည် နိုင်ငံတစ်ဝန်းတွင် တနင်္လာနေ့မှ စတင်ကာ အဆက်မပြတ်မိုးရွာသွန်းမှုများ ဖြစ်ပွားစေမည်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားခဲ့သည်။

ကျူရှူးနှင့် ရှီကာကိုတို့တွင် ကယ်ဆယ်ရေးဆောင်ရွက်ရန် မြူနီစီပယ်အဖွဲ့များအား ညွှန်ကြားထားသည်။ မုန်တိုင်းကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေခဲ့သည်။ ကျူရှူးတွင် ရထားပို့ဆောင်ရေးလုပ်ငန်းများကို ရပ်နားထားသည်။ အဆိုပါဒေသအတွင်းရှိ ကျည်ဆန်ရထားပြေးဆွဲမှုများ အချို့ကိုလည်း ရပ်နားထားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်ခဲ့မှုကို တွေ့ရစဉ်

မြောက်ကိုရီးယားကို ပိုမိုပြင်းထန်သည့်ပိတ်ဆို့မှုများ ပြုလုပ်ရန် ထရန့်နှင့် တောင်ကိုရီးယားသမ္မတတို့သဘောတူညီမှုရရှိ

ဆိုးလ် စက်တင်ဘာ ၁၇
ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မြောက်ကိုရီးယားက ဂျပန်ကိုဖြတ်ကျော်သည့် ဒုံးကျည်ပစ်လွှတ်မှု ထပ်မံပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် အမေရိကန်သမ္မတဒေါ်နယ် ထရန့်တို့သည် မြောက်ကိုရီးယားကို ပြင်းပြင်းထန်ထန်အရေးယူပိတ်ဆို့မှုများ ပြုလုပ်သွားရန် သဘောတူညီခဲ့ကြကြောင်းသိရသည်။

ခေါင်းဆောင် နှစ်ဦးတို့သည် တနင်္ဂနွေနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ခဲ့ရာမှ သဘောတူညီမှု ရရှိခဲ့ကြခြင်းဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးမှ ပြောကြားချက်အရ သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် သဘောတူညီခဲ့ကြပြီး မြောက်ကိုရီးယားနိုင်ငံအပေါ်ပိုမို ထိရောက်ပြီးလက်တွေ့ဆန်သော ပိတ်ဆို့မှုများချမှတ်ရန် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ အရေးယူပိတ်ဆို့မှုများ ပြင်းထန်စွာ လုပ်ဆောင်မှသာလျှင် မြောက်ကိုရီးယားနိုင်ငံသည် ကျူးကျော်ရန်လိုသည့်ဆောင်ရွက်မှုများက သံတမန်ရေးရာ အဆက်အသွယ်ပြတ်တောက်မှုနှင့် စီးပွားရေးတွင်ဖိအားကျရောက်မှုများရှိလာသည်ကို နားလည်သဘောပေါက်လိမ့်မည်ဖြစ်ကြောင်း အိမ်ပြာတော်ပြောရေးဆိုခွင့်ရှိသူ ပတ်ဆိုယွန်းက ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

မွန်းနှင့်ထရန့်တို့သည် မြောက်ကိုရီးယားကနောက်ဆုံး ပြုလုပ်ခဲ့သည့် ဒုံးကျည်ပစ်လွှတ်မှုကို အပြင်းအထန်ဝေဖန်ရှုတ်ချခဲ့ကြကြောင်းကိုလည်း အိမ်ဖြူတော်က ပြောကြားခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ နောက်ဆုံးအရေးယူဆောင်ရွက်မှု ၂၃၇၅ ကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပတ်ကပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

မလေးရှား၌ ဘာသာရေးကျောင်းကိုမီးရှို့ခဲ့သည့် လူငယ်ခုနစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီး

ကွာလာလမ်ပူ စက်တင်ဘာ ၁၇
မလေးရှားရဲတပ်ဖွဲ့သည် ပြီးခဲ့သည့်ကြာသပတေးနေ့အစောပိုင်းက ဘာသာရေးကျောင်း မီးလောင်မှုကြောင့် လူ ၂၃ ဦး သေဆုံးခဲ့ပြီးနောက် ကျောင်းမီးလောင်အောင်လုပ်ဆောင်ခဲ့မှုတွင် ပါဝင်ပတ်သက်နေသည့် လူငယ်ခုနစ်ဦးအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူတွင် အစ္စလာမ်ဘာသာဝင် ကျောင်းသားများလာရောက်နေထိုင်သည့် ကျောင်းတစ်ကျောင်းမီးလောင်မှုဖြစ်ပွားခဲ့သည်။ ကျောင်း၏အိပ်ဆောင်အတွင်း၌ အိပ်မောကျနေခဲ့သည့် ကျောင်းသား ၂၁ ဦးနှင့် ဆရာနှစ်ဦးတို့မှာ မီးလောင်မှုကြောင့် သေဆုံးသွားခဲ့သည်။

မူလက ဒေသရဲတပ်ဖွဲ့သည် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းခြင်းဖြစ်သည်ဟု ယူဆခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာနေရာ၌ ဓာတ်ငွေ့ဘူးနှစ်ခုကိုတွေ့ရှိခဲ့ရပြီး ကျောင်းကိုရည်ရွယ်ချက်ရှိရှိဖြင့် တမင်မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ရဲတပ်ဖွဲ့သည် စနေနေ့က လူသတ်မှုနှင့်တမင်မီးရှို့မှုတို့ဖြင့် အသက် ၁၁နှစ်မှ ၁၈နှစ်အရွယ်ရှိ လူငယ် ခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။ လူငယ်များကငင်းတို့သည် မီးလောင်မှုမဖြစ်ပွားမီတွင် အဆိုပါကျောင်းရှိကျောင်းသားများနှင့်ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း ၊သို့သော် မည်သူ့ကိုမျှသတ်ရန် မရည်ရွယ်ခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ပြောသည်။

လူငယ်များအနက်ခြောက်ဦးတို့မှာ ဆေးခြောက်သုံးစွဲထားကြောင်းစစ်ဆေးတွေ့ရှိခဲ့သည်။ရဲတပ်ဖွဲ့ကမည်ကဲ့သို့ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိနိုင်ရန် လူငယ်များအားစစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။
(ရိုက်တာ)

လန်ဒန်မြေအောက်ရထားဘူတာရုံ ဗုံးခွဲမှုတွင် ပါဝင်ခဲ့သည့် နောက်ထပ်အမျိုးသားတစ်ဦးကိုဖမ်းဆီး

လန်ဒန် စက်တင်ဘာ ၁၇
သောကြာနေ့ကဖြစ်ပွားခဲ့သည့် လန်ဒန်ရှိမြေအောက်ရထားဘူတာရုံ ဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိသည့် ဒုတိယမြောက်အမျိုးသားကို ဖမ်းဆီးလိုက်ကြောင်း တနင်္ဂနွေနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်သည် နိုင်ငံ့လုံခြုံရေးကို အမြင့်ဆုံး သတိပေးနှိုးဆော်မှုများ ပြုလုပ်ထားပြီး လုံခြုံရေးဆိုင်ရာအတွက် တပ်မတော်သားများကိုပါ ကူညီဖြည့်စွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ အသက် ၂၁ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို လန်ဒန်အနောက်ပိုင်းရှိ ဟောင်စလို၌ စနေနေ့ည သန်းခေါင်မတိုင်မီတွင် အကြမ်းဖက်မှု ဥပဒေအရဖမ်းဆီးခဲ့ကြောင်း မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်စနေနေ့ကလည်း ရဲတပ်ဖွဲ့သည် ဒိုဘာဆိပ်ကမ်းဧရိယာအတွင်း၌ အသက် ၁၈ နှစ်အရွယ်ရှိ လူငယ်တစ်ဦးအား ဖမ်းဆီးခဲ့သည်။ လန်ဒန်အနောက်ပိုင်း Parson Green Tubeမြေအောက်ရထားဘူတာရုံ၌ ရပ်နားထားသည့် ရထားတွဲတစ်ခုပေါ်တွင် လက်လုပ်ဗုံးပေါက်ကွဲကာ မီးစွဲလောင်မှုများဖြစ်ပွားခဲ့ပြီး အဆိုပါဗုံးသည် အပြည့်အဝပေါက်ကွဲခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုနှစ်အတွင်းဗြိတိန်၌ အိုင်အက်စ်အစွန်းရောက်အဖွဲ့က တိုက်ခိုက်မှုများလုပ်ဆောင်လျက်ရှိရာ ယခုဗုံးဖောက်ခွဲမှုကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ လန်ဒန်၌ဗုံးခွဲမှုလုပ်ဆောင်ခဲ့သူနှစ်ဦးအပါအဝင် ပြီးခဲ့သည့်မေလအတွင်းကလည်း မန်ချက်စတာရှိ အမေရိကန်အဆိုတော် အာရီယာနာဂရန်ဒီ၏ ဖျော်ဖြေပွဲတွင်လည်း အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးက အကြမ်းဖက် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။
(ရိုက်တာ)

ရွေးကောက်ပွဲအတွင်း ထရန့်ပေးအပ်ခဲ့သည့်ကတိများက လူမျိုးရေးပဋိပက္ခများကို ပြန်လည်ပေါက်ဖွားလာစေခဲ့

ကလျာမိုးမြင့်

မကြာသေးမီကာလက ချာလော့တက်စ်ဗီလီ၊ ဗာဂျီးနီးယားနဲ့ အမေရိကန်ပြည်ထောင်စုတစ်လွှားမှာရှိတဲ့ ပြုပြင်ပြောင်းလဲရေးကိုအလိုရှိတဲ့မြို့တွေမှာ လူမျိုးခွဲခြားရေးဝါဒကို ဆန့်ကျင်တဲ့ ဆန္ဒထုတ်ဖော်မှုတွေ အပြင်းအထန်ပေါ်ပေါက်လာခဲ့ပါတယ်။ အမေရိကန်နိုင်ငံသားအများစုက နိုင်ငံရေးအခင်းအကျင်းမှာ လူဖြူအမျိုးသားရေးဝါဒီတွေပေါ်ထွက်လာမှုကို ရုတ်တရက်လူမဆန်စွာပေါ်ထွက်မှုတစ်ခုအနေနဲ့ ရှုမြင်ခဲ့ကြပါတယ်။

တကယ်တမ်းတော့ ဒီလိုပေါ်ထွက်လာတာဟာခုမှမဟုတ်ဘဲ လွန်ခဲ့တဲ့ ၁၉၆၀ ခုနှစ်နှောင်းပိုင်း နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုကြီးပေါ်ထွက်လာပြီးချိန်ကတည်းက ရှိနေခဲ့တာဖြစ်ပါတယ်။ လူမျိုးရေးဆိုင်ရာရောနှောမှုတွေမဖြစ်ဖို့နဲ့ အမေရိကန်ပြည်ထောင်စုရဲ့စစ်မှန်တဲ့ အမျိုးသားယဉ်ကျေးမှုကိုထိန်းသိမ်းဖို့ ဆူပူဆန္ဒပြမှုတွေကနေတစ်ဆင့် ပြင်းထန်တဲ့လူမျိုးရေးဆိုင်ရာ မုန်းတီးမှု လှုပ်ရှားမှုတွေ ပြုလုပ်ဖို့ ပေါင်းစည်းလာခဲ့ကြတာပါ။

လူဝီစီယားနား ပြည်နယ်ဥပဒေပြုလွှတ်တော်အတွက် ရွေးချယ်ခံခဲ့ရတဲ့ ကူကလပ်စ်ကလန် (KKK)အဖွဲ့ခေါင်းဆောင်ဟောင်း ဒေးဗစ်ဂျုတ်ဟာ KKK အဖွဲ့ဝင်သားတွေနဲ့အတူ ၁၉၇၀ ခုနှစ်များအတွင်းမှာ နာဇီလက်သစ်ဝါဒကိုယူဆောင်သွတ်သွင်းလာခဲ့သူ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးပြုလုပ်ချိန်မှာ ဂျုတ်က ထရန့်ကို မဲပေးကြဖို့ ရေဒီယိုအစီအစဉ်ကတစ်ဆင့် တိုက်တွန်းခဲ့ပါတယ်။ ဒါပေမယ့် ထရန့်ဟာ ဂျုတ်ကို သိပ်အသိအမှတ်ပြုချင်တဲ့သူတော့ မဟုတ်ခဲ့ပါဘူး။

အဲဒီအချိန်မှာပဲ ပြုပြင်ပြောင်းလဲရေးကို လိုလားသူတွေဟာ ရဲရင့်တက်ကြွလာကြပါတယ်။ ဂျုတ်ရဲ့အဖွဲ့သားတွေဟာ ထရန့်အနိုင်ရရှိရေးအတွက် ထောက်ခံခဲ့ကြပါတယ်။ မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်စဉ်အတွင်းမှာ လူဖြူအမျိုးသားရေးဝါဒီတွေပါဝင်တဲ့ ဆိုရှယ်မီဒီယာအသုံးပြုရေးသားခဲ့မှုတွေအတွက် အငြင်းပွားဖွယ်ရာတွေ အများကြီးပေါ်ပေါက်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ အိမ်ဖြူတော်မှာ နေရာရယူနိုင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ဩဂုတ်လ ၁၁ ရက်နေ့က ချာလော့တက်စ်ဗီလီမှာ ရစ်ချတ်စပင်ဆာဟာ လူဖြူအမျိုးသားရေးဝါဒီ ရာပေါင်းများစွာကို ဦးဆောင်ပြီး ဗာဂျီးနီးယားတက္ကသိုလ်နယ်မြေမှာရှိတဲ့ သောမတ်ဂျက်ဖာဆန်ရုပ်တုရှေ့ကို ဝန်းရံဖို့စုဝေးချီတက်မှု ပြုလုပ်ခဲ့ပါတယ်။

မီးတုတ်တွေကိုင်ဆောင်ပြီး ဂျူးတွေကိုကျွန်ုပ်တို့နေရာမှာ အစားမထိုးနိုင်ဘူးလို့ ကြွေးကြော်ခဲ့ကြပါတယ်။ အတိုက်အခံဆန္ဒထုတ်ဖော်သူတွေနဲ့လည်း ထိပ်တိုက်တွေ့မှုတွေဖြစ်ခဲ့ပါတယ်။

နောက်ရက်တွေမှာတော့ လူမျိုးရေးခွဲခြားမှုဝါဒီအုပ်စုတွေဟာ ချာလော့တက်စ်ဗီလီရဲ့မြို့လယ်ကောင်လမ်းတွေပေါ်မှာ ပြည့်နေခဲ့ကြပါတယ်။ ပြီးတော့ နှစ်ဖက်ထိတွေ့မှုတွေ အပြင်းအထန်ဖြစ်ပွားခဲ့ပါတယ်။ နာဇီလက်သစ်ဝါဒီတစ်ဦးက လူအုပ်ထဲကို ကားမောင်းဝင်တိုက်ခဲ့တဲ့အတွက် အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့ရပါတယ်။

အဲဒီရက်သတ္တပတ်တွေအတွင်းမှာပဲ ဘော့စတွန်ကနေ ဘာကလေအထိ လက်ယာစွန်းရောက်အဖွဲ့တွေက စီစဉ်လှုပ်ရှားခဲ့တဲ့ စုဝေးချီတက်မှုတွေ ဆက်လက်ပေါ်ပေါက်လာခဲ့ပါတယ်။ ချာလော့တက်စ်ဗီလီမှာ ပဋိပက္ခတွေဖြစ်ပွားအောင် စီစဉ်လုပ်ဆောင်ခဲ့ကြသူတွေကို ဘက်ပေါင်းစုံကနေ အပြစ်တင်မှုတွေ ပေါ်ပေါက်လာခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ထရန့်ဟာ လက်ဝဲယိမ်းဖက်ဆစ်ဝါဒီဆန့်ကျင်တဲ့ ဆန္ဒဖော်ထုတ်သူတွေကို အပြစ်တင်ခြင်းမပြုတော့ဘဲ နာဇီလက်သစ်တွေ၊ လူဖြူအမျိုးသားရေးဝါဒီတွေနဲ့ ကူကလပ်စ်ကလန် အဖွဲ့သားတွေကိုသာ အပြစ်တင်ရှုတ်ချခဲ့ပါတယ်။ လူဖြူအမျိုးသားရေးဝါဒီတွေက ထရန့်ရဲ့ အပြောင်းအလဲကိုမြင်ခဲ့ကြတယ်။

အဲဒီနေ့မှာပဲ ဒေါ်နယ်ထရန့်ရဲ့ကတိတွေကိုဖြည့်ဆည်းပေးဖို့အတွက်လို့ပြောပြီး ချာလော့တက်စ်ဗီလီကို ရောက်လာခဲ့တဲ့ ကူကလပ်စ်ကလန်ခေါင်းဆောင်ဟောင်း ဂျုတ်က ချာလော့တက်စ်ဗီလီမှာဖြစ်ပွားခဲ့တာတွေနဲ့ပတ်သက်ပြီး အမှန်အတိုင်းပြောဆိုခဲ့တဲ့ သမ္မတထရန့်ရဲ့ သတ္တိရှိမှုနဲ့ ရိုးသားမှုအတွက် ကျေးဇူးတင်တယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

ထရန့်ပေးအပ်ခဲ့တဲ့ကတိတွေထဲကတစ်ခုကတော့ လက်တင်အမေရိကက ဝင်ရောက်လာမယ့် ရွှေ့ပြောင်းသွားလာသူတွေကို တားဆီးဖို့ တောင်ပိုင်းနယ်စပ်မှာ တံတိုင်းတည်ဆောက်သွားဖို့ ပေးအပ်ထားတဲ့ ကတိဖြစ်ပါတယ်။ အဲဒီကတိဟာလည်း ကွန်ဂရက်လွှတ်တော်ရဲ့ ငွေကြေးထည့်ဝင်မှုလိုအပ်တဲ့အတွက် လက်တွေ့လုပ်ဆောင်ဖို့ အခက်အခဲတွေ့နေပါတယ်။

မကြာသေးမီက ထရန့်ဟာ ကလေးသူငယ်များဆိုက်ရောက်မှုအစီအစဉ် (DACA) ဖြေလျှော့ရေးဆောင်ရွက်မှုကို ရုပ်သိမ်းလိုက်ပါတယ်။ DACA ဟာ ကလေးသူငယ်တွေ နှင်ထုတ်မခံရစေဖို့အတွက် စာရွက်စာတမ်းအထောက်အထား ပြုလုပ်ထားခြင်းမရှိဘဲ အမေရိကန်သို့ ရောက်ရှိလာတဲ့ရွှေ့ပြောင်းသွားလာသူတွေကို ခွင့်ပြုပေးတဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။

ထရန့်ရဲ့တရားရေးဌာနနဲ့ အကြံပေးကော်မရှင်ဟာ မဲပေးခွင့်အပေါ်မှာ စတင်ပြီး သဲကြီးမဲကြီးတိုက်ခိုက်လာပါတယ်။ သမ္မတလောင်းအဖြစ် စတင်ယှဉ်ပြိုင်ပြီးလို့ ကိုယ့်ကိုယ်ကိုယ်ကြေညာခဲ့တဲ့နေ့မှာပဲ ထရန့်ဟာစာရွက်စာတမ်းအထောက်အထားမရှိတဲ့ မက္ကဆီကိုနိုင်ငံသားရွှေ့ပြောင်းသွားလာသူတွေကို မုဒိမ်းကောင်တွေအဖြစ် ပြောဆိုခဲ့ပါတယ်။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်ခဲ့စဉ်တစ်လျှောက်လုံးမှာလည်း လူဖြူအမျိုးသားရေးဝါဒီသမားတွေရဲ့ post တွေကို တွစ်တာပေါ်မှာ ပြန်လည်ရေးသားဖော်ပြတာတွေကို ပြုလုပ်ခဲ့ပါတယ်။

ထရန့်ကလူထုစုဝေးဟောပြောမှုတွေ ပြုလုပ်ခဲ့ပြီး လူမျိုးရေးခွဲခြားမှုကိုဆန့်ကျင်တဲ့ အာဖရိကန္ဖယ်ဖွား အမေရိကန်နိုင်ငံသားဆန္ဒထုတ်ဖော်သူတွေကို ဖယ်ထုတ်ပစ်ဖို့ သူ့ရဲ့ပရိသတ်တွေကို တိုက်တွန်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၉၃၀ ခုနှစ်များအတွင်းက နာဇီတွေ ဆန္ဒပြင်းပြခဲ့တဲ့ အမေရိကန်အရေးက ရှေ့တန်းတင်တဲ့ ပုံစံကို ကျင့်သုံးလာပါတယ်။

သမ္မတနေရာရရှိဖို့မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှုနဲ့အတူ အစ္စလာမ်ဘာသာဝင်တွေကို မုန်းတီးသူတွေ၊ ပြည်ပနိုင်ငံသားတွေကို မုန်းတီးသူတွေနဲ့ လူမျိုးရေးခွဲခြားသူတွေ အကြားမှာ အများကလက်ခံယုံကြည်တဲ့သူဖြစ်လာအောင် ကြိုးစားခဲ့ပါတယ်။

အဲဒီလူတွေအတွက်ကတော့ အမေရိကက နံပါတ်တစ်ဖြစ်လာအောင်လုပ်ဆောင်မယ်လို့ ထရန့်ပေးအပ်ခဲ့တဲ့ ကတိဟာ လူမျိုးရေးဆိုင်ရာအယူအဆဟောင်းတွေနဲ့ မျိုးနွယ်စုဆိုင်ရာ အမိန့်အာဏာတွေကိုပြန်ပြီး ကျင့်သုံးမယ်လို့ကတိပေးအပ်လိုက်တာနဲ့မခြား ဖြစ်ပါတယ်။

ဒါကြောင့် အခုချိန်မှာ အမေရိကန်ရဲ့နိုင်ငံရေးကို ကိုင်လှုပ်နေတဲ့ မုန်းတီးရေးအုပ်စုတွေ ပေါ်ထွက်ပျံ့နှံ့လာနေတာဟာ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ အခြင်းအရာတစ်ခုမဟုတ်ပါကြောင်း။ ။

(ရိုက်တာ)

တာလီဘန်စစ်သွေးကြွများနှင့် အိုင်အက်စ်စစ်သွေးကြွများ နှစ်ဖက်ထိတွေ့မှု ဖြစ်ပွား

ဂျလာလာဘတ် စက်တင်ဘာ ၁၇

အာဖဂန်အရှေ့ပိုင်း နာဂါဟာပြည်နယ်၌ တာလီဘန်စစ်သွေးကြွများနှင့် ယှဉ်ပြိုင်ဖက်အိုင်အက်စ်စစ်သွေးကြွအုပ်စုများ နှစ်ဘက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် စစ်သွေးကြွငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အတူလာခိုဂျာနီက စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ဖက်တိုက်ပွဲများသည် ချာပါဟာဒေသရှိ ဂူလန်ဒတ်ရေးယာအတွင်း၌ သောကြာနေ့ညနေခင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အတူလာခိုဂျာနီက ပြောကြားသည်။ နှစ်ဖက်တိုက်ခိုက်မှုများအပြီးတွင် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ဝင်သုံးဦးနှင့် တာလီဘန်စစ်သွေးကြွနှစ်ဦးတို့သေဆုံးခဲ့သည်။ ယှဉ်ပြိုင်ဘက် လက်နက်ကိုင်စစ်သွေးကြွအုပ်စုများဖြစ်ကြသည့် အိုင်အက်စ်အဖွဲ့နှင့် တာလီဘန်စစ်သွေးကြွများသည် အာဖဂန်ရှိပဋိပက္ခဖြစ်ပွားသည့် နေရာများတို့တွင် နယ်နိမိတ်ချဲ့ထွင်လာလျက်ရှိသည်။

(ဆင်ဟွာ)

အပင်မျိုးသစ်များကို မှတ်ပုံတင်ပြီးမှသာ ကိုယ်ပိုင်မျိုးအဖြစ် ကာကွယ်နိုင်မည်

ဇူလိုင်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန်မှာ အပင်မျိုးသစ်၊ မျိုးသန့်မျိုးပွားထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အချက်ပင်ဖြစ်သည်။ ထိုသို့ ထုတ်လုပ်လိုက်သော အပင်မျိုးသစ်၊ မျိုးသန့်မျိုးပွားများကို ကာကွယ်ထိန်းသိမ်းရန်လည်း လိုအပ်ပေသည်။ မျိုးသစ်များ ကာကွယ်ထိန်းသိမ်းရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတကာနှင့် ပူးပေါင်း၍ အရှေ့အာရှအပင်မျိုးသစ် ကာကွယ်ရေးဆိုင်ရာ ဖိုရမ်အစည်းအဝေးနှင့်ဆွေးနွေးပွဲများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ထိုသို့ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းကြောင့် ရေရှည်တည်တံ့သည့် အပင်မျိုးမွေးမြူရေးလုပ်ငန်းများ မှတစ်ဆင့် လူမှုအသိုက်အဝန်းအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့်အခြားသော အကျိုးရလဒ်များရရှိစေရေးကိုအခြေခံပြီး အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော်လာနိုင်စေရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ မျိုးသစ်များထုတ်လုပ်ရန် မျိုးသန့်ပြန်ရွေးချယ်နေစဉ်

"ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အနေနဲ့ မျိုးသစ်တွေထုတ်လုပ်ဖို့ မျိုးရိုးဗီဇပြောင်းလဲတဲ့ သုတေသနတွေပြုလုပ်နေပါတယ်။ မျိုးရိုးဗီဇပြောင်းလဲတဲ့ သုတေသနအနေနဲ့က မျိုးတွေကို စုဆောင်းမယ်။ စုဆောင်းလို့ရတဲ့ မျိုးတွေကို လိုအပ်တဲ့မျိုးတွေခွဲထုတ်ပြီး ကိုယ်လိုချင်တဲ့ ဗီဇတွေ ထည့်မယ်။ ဥပမာ ရာသီဥတုဒဏ်ခံနိုင်တဲ့ မျိုးတွေ၊ ရေငတ်ဒဏ်ခံနိုင်တဲ့မျိုးတွေ၊ ရေမြုပ်ဒဏ်ခံနိုင်တဲ့ မျိုးတွေထုတ်မယ်။ ဒါမှမဟုတ်ရင် အထွက်နှုန်း ကောင်းတဲ့၊ အနံ့မွှေးတဲ့၊ အရသာရှိတဲ့စပါးမျိုး၊ ပဲမျိုးတွေ၊ ပြောင်းမျိုးတွေ အစရှိသည်ဖြင့် ထုတ်လာနိုင်မယ်။ အဲဒါတွေကို အောက်ခံအပင်မှာ ထည့်မယ်။ နိုင်ငံတကာမှာ ကြိုက်တာက ဆန်စေ့ကရှည်တယ်။ မြန်မာက ဆန်စေ့လုံးတာ ဝိုင်းတာကြိုက်တယ်။ အဲဒီပေါ်မှာ ကိုယ်ကြိုက်တဲ့ မျိုးရိုးဗီဇကို ထည့်မယ်။ နောက်ပြီး အထွက်နှုန်းကောင်းတဲ့ မျိုးရိုးဗီဇတွေ၊ ရောဂါဒဏ်ခံနိုင်တဲ့ မျိုးရိုးဗီဇတွေထည့်မယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးနှင့် အာဟာရတန်ဖိုးကွင်းဆက် မြင့်မားစေရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကဏ္ဍကြီးတစ်ရပ်ဖြစ်သည့်အပြင် ရေရှည်တည်တံ့သော မျိုးစေ့ထုတ်လုပ်ငန်းများနှင့် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် အပင်မျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရေးတို့ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စက်တင်ဘာလ ဒုတိယပတ်က ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့အာရှ အပင်မျိုးသစ်ကာကွယ်ရေးဆိုင်ရာ ဖိုရမ်အစည်းအဝေးနှင့် ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောကြားသည်။

"စပါးမျိုးတွေက အများကြီးရှိတယ်။ ဒါပေမယ့် အဲဒါတွေက မှတ်ပုံမတင်ရသေးဘူး။ ကျွန်တော်တို့မှာရှိတဲ့ စပါးမျိုးကို မှတ်ပုံမတင်ရသေးတော့ ဒီကစပါးမျိုးကို တခြားနိုင်ငံတစ်နိုင်ငံက ရသွားပြီ ဆိုပါစို့။ အဲဒီမှာ ကျွန်တော်တို့က မျိုးအသစ်အနေနဲ့ မှတ်ပုံမတင်ရသေးတဲ့အတွက် ကျွန်တော်တို့ မကာကွယ်နိုင်ဘူး။ ကျွန်တော်တို့နိုင်ငံကထွက်တဲ့ စပါးပါလို့လည်း ပြောလို့မရဘူး။ ဥပမာ ကျွန်တော်တို့ဆီက မျိုးသစ်တစ်မျိုးတွေ့မယ် ဆိုရင် ဒီဟာက ပေါ်ဆန်းမွှေးမျိုးဖြစ်ပါတယ်လို့ မှတ်ပုံတင်ပြီးသွားရင်တော့ ကျန်တဲ့နိုင်ငံတွေက လိုက်အတုခိုးလို့ မရတော့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ စပါးမျိုးတွေကို ကာကွယ်မယ်။ နောက်မျိုးသစ်တွေ ထုတ်မယ်ဆိုရင် ဒီဟာတွေကိုအခြေခံပြီးတော့ မျိုးသစ်တွေထုတ်မယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာ (Postharvest Technology)ဌာနကတော့ ရလာတဲ့သီးနှံတွေကို ကြာရှည်အထားခံနိုင်အောင် သုတေသနတွေ လုပ်မယ်။ အခုဆိုရင် ကျွန်တော်တို့ဆီမှာ ခရမ်းချဉ်မျိုးပျောက်နေပြီ။ အဲဒီလိုပျောက်နေတဲ့ ခရမ်းချဉ်မျိုးတွေကို ပြန်လုပ်ဖို့ရှိတယ်။ နောက်ထပ် သရက်သီး၊ ကော်ဖီ၊ သနပ်ခါးစတာတွေကို ပြန်လုပ်ဖို့ရှိပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဌာနမှူးစီမံ ဒေါက်တာနေမျိုးအောင်က ပြောသည်။

ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် ကျောင်းသားများ မျိုးရိုးဗီဇ ပြောင်းလဲခြင်း သုတေသန ပြုလုပ်နေစဉ်

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတိုင်းအတွက် အရေးပါပြီး မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေပြုပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ရေအရင်းအမြစ်၊ မြေအရင်းအမြစ် အများဆုံးကို အသုံးပြုနေရသည့်အတွက် ခေတ်မီစိုက်ပျိုးနည်းပညာများကို အသုံးပြုပါက စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စပါးနှင့် အခြားသီးနှံများအတွက် ရေဘေးမှ ကာကွယ်ပေးနေသည့် တာတမံများ

တင်လှိုင်(မိတ္ထီလာ)

တာတမံဆိုသည်မှာ စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးထားသည့် သီးနှံများရေဘေးမှ ကာကွယ်ရန် မြစ်ဘေးတစ်လျှောက်တွင် အမြင့် ၁၂ ပေ အကျယ် ၁၄ ပေနှင့် အရှည်မှာ မြစ်ရိုးတစ်လျှောက်အရှည် ရေဝင်သည့်အပေါ် မူတည်၍ မြေဖို့တည်ဆောက်ထားသော မြေသားတမံကို တာဟုခေါ်သည်။

ရေဘေးကာကွယ်ရေး တာတမံများကို ပဲခူးတိုင်းဒေသကြီးအတွင်း ရောဝတီမြစ်နှင့် မြစ်မခမြစ်ဘေးတွင် အများဆုံးတွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ပါဝင်သည့် အဖျောက်မြို့တွင်လည်း အဖျောက်တာရှိသည်။ ရောဝတီအရှေ့ဘက် ကမ်းတာ (အဖျောက် တာ)သည် အလျား ၇ ဒသမ ၂၅ မိုင်ရှည်လျားပြီး ရေဘေးကာကွယ်ရေးဧရိယာ ၁၄၄၇၅ ဧကကို ရေဘေးမှ ကာကွယ်ထားသော တာတမံဖြစ်သည်။ ၂၀၁၅ ခုနှစ် မိုးတွင်းကာလက ရောဝတီမြစ်ရေမြင့်တက်လာသဖြင့် အဖျောက်မြို့ကမ်းနားတာတွင် ရေပေါက် ၁၀၀ ခန့် ဖြစ်ပေါ်ခဲ့သောကြောင့် အရေးပေါ်ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အဖျောက်မြို့ကမ်းနားတာ၏ ကုန်းဘက်ခြမ်း လူနေအိမ်များနီးကပ်စွာ တည်ရှိနေသည့်အပိုင်းအလျား ပေ ၂၂၀၀ ခန့်ကို ကွန်ကရစ် မြေထိန်းနံရံနှင့် အုတ်မြေထိန်းနံရံ တည်ဆောက်ပေးခြင်း၊ အဖျောက်မြို့ကမ်းနား တာအလျားပေ ၉၀၀၀ ခန့်ကို မြေသားတာတမံမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ယခုနှစ် မိုးတွင်းကာလ ရောဝတီမြစ်ရေထူးကဲစွာ မြင့်တက်ခဲ့သော်လည်း အဖျောက်တာဖြင့် မြစ်ရေကြီးမြင့်မှုကို ကာကွယ်နိုင်ခဲ့သည်။ အဖျောက်တာကို မြေထိန်းနံရံ တည်ဆောက်ခြင်း၊ မြေတာတမံတည်ဆောက်ခြင်းတို့ကြောင့် မြစ်ရေကြီးမှုမှကာကွယ်နိုင်ခဲ့ပြီး ရေပေါက်ပေါက်ခြင်း၊ တာအီခြင်း၊ တာလျှောခြင်းများမရှိခဲ့ကြောင်း သိရသည်။

သာယာဝတီခရိုင်အတွင်း မြစ်မခမြစ်ရေစီးဆင်းရာ မြို့နယ်များတွင် မြစ်မခမြစ်ရေကြီး ရေလျှံမှုကြောင့်အဆောက်အအုံများ၊ လူနေအိမ်များ၊ ကျွဲနွားတိရစ္ဆာန်များ၊ သီးနှံစိုက်ကေများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာတမံများ တည်ဆောက်ထိန်းသိမ်း ကာကွယ်ထားသည်။

သာယာဝတီခရိုင်အတွင်း လေးမြို့နယ်၌ တာတမံ ၁၆ ခုရှိပြီး အလျားမိုင် ၁၆၉ ဒသမ ၇၅ မိုင် ရေဘေးကာကွယ်ရေး ဧရိယာ ၂၂၁၄၃၂ ဧကကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးထားသည်။ သာယာဝတီမြို့နယ်၌ မြစ်မခမြစ်ကို ကာကွယ်ထားသော ရေဘေးကာကွယ်ရေးတာ ငါးခုရှိပြီး အလျား ၂၇ ဒသမ ၆ မိုင်ရှည်ကာ ရေဘေးကာကွယ်ရေး ၂၅၀၁၃ ဧကအား ကာကွယ်ပေးထားသည်။ လက်ပံတန်းမြို့နယ်တွင် ရောဝတီမြစ်နှင့် မြစ်မခမြစ်ကို ကာကွယ်ထားသောတာ ခုနစ်ခုရှိပြီး အလျားမိုင် ၆၀ ဒသမ ၆၂၅ မိုင်ရှိကာ ရေဘေးကာကွယ်ရေးဧရိယာ ၈၅၈၈၆ ဧကရှိသည်။ မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့တွင် ရောဝတီမြစ်နှင့် မြစ်မခမြစ်ကို ကာကွယ်ထားသောတာ ခုနစ်ခုရှိပြီး အလျားပေ ၈၁ ဒသမ ၆၂၅ မိုင်ရှိ၍ ရေဘေးကာကွယ်ရေးဧရိယာ ၁၁၀၅၃၃ ဧကဖြစ်သည်။ ရောဝတီမြစ် အရှေ့ဘက်ကမ်းတာသည် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များအတွင်း တည်ရှိပြီး အလျား ၂၇ ဒသမ ၇၅ မိုင်ရှိကာ ရေဘေးကာကွယ်ရေး ၅၅၇၅၂ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားသည်။ ရောဝတီမြစ် ဘုရားကြီး၏ အရှေ့ဘက်ကမ်းတာဖြစ်သော ကုန်းအောင်းပင်တာသည် မိုးညိုမြို့နယ်တွင်း တည်ရှိပြီး အလျား ၃၄ မိုင်ရှည်လျားကာ ရေဘေးကာကွယ်ရေး ဧရိယာ ၇၄၅၀၉ ဧကကို ကာကွယ်ထားသည်။

မိုးညိုမြို့နယ် မြစ်မခမြစ် အနောက်ဘက်ကမ်းပတ်တာမှာ အလျား ၂၄ မိုင်ရှည်လျားပြီး ရေဘေးကာကွယ်ရေးဧရိယာ ၁၇၆၉၁ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားသည်။ မိုးညိုမြို့နယ် ထိန်တောခမုံဆိပ်တာမှာ အလျား ၈ မိုင်ရှည်လျားပြီး စိုက်ပျိုးဧရိယာ ဧက ၃၂၀၀ အား ရေကြီးနစ်မြုပ်မှုများ ကာကွယ်ထားသည်။ မိုးညိုပတ်တာသည် အလျား ၄ ဒသမ ၅ မိုင် ရှည်လျားပြီး မိုးညိုမြို့ ရေမကြီးစေရန် ကာကွယ်ထားသော ရေဘေးကာကွယ်ရေးတာ ဖြစ်သည်။ လက်ပံတန်းမြို့နယ် ခမုံညောင်ပင်သာ ဆင်လမ်းတာသည် အလျား ၁၃ မိုင် ရှည်လျားပြီး စိုက်ပျိုးသီးနှံ ၂၉၃၄၄ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားသည်။

သာယာဝတီမြို့နယ် အသရော်ဆင်လမ်းတာမှာ အလျား ၅ ဒသမ ၅ မိုင်ရှည်လျားပြီး စိုက်ပျိုးသီးနှံ ၈၇၄၅ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးထားသည်။ သာယာဝတီမြို့နယ် အသရော်အိပ်လဟာတာမှာ အလျား၆ ဒသမ ၅ မိုင်ရှည်လျားပြီး စိုက်ပျိုးသီးနှံ ၇၃၆၆ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ထားသည်။ သာယာဝတီမြို့နယ် ကွမ်းခြံလေးဒူးတာမှာ အလျား ၈ ဒသမ ၅ မိုင်ရှိပြီး စိုက်ပျိုးသီးနှံ ၂၂၅၂ ဧကအား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးထားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရောဝတီမြစ်နှင့် မြစ်မခမြစ်တို့၏ ရေကြီးရေလျှံမှုနှင့် စိုက်ပျိုးသီးနှံများ ရေဘေးကာကွယ်ရေးအတွက် တာတမံများ ပတ်လည်ကာရံထားသဖြင့် တာများအတွင်းတွင် စပါးနှင့်အခြားသီးနှံများ ရေဘေးကင်းဝေးစွာ စိုက်ပျိုးနေရသဖြင့် စပါးနှင့်အခြားသီးနှံများ အောင်မြင်စွာဖြစ်ထွန်းနေသည်။

သာယာဝတီခရိုင်အတွင်း တာတမံ စုစုပေါင်းအလျား ၁၆၉ ဒသမ ၇၅ မိုင်ရှိပြီး ရေဘေးကာကွယ်ရေး စိုက်ပျိုးဧရိယာ ၂၂၁၄၃၂ ဧကမှာ ရေကြီးရေနစ်မြုပ်မှုမှ ကာကွယ်ထားသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော တာများကို ရေဘေးကာကွယ်ရေးအတွက် တာပေါင်ကိုယ်ထည်သိမ်ခြင်း၊ ပုံစံကျအခိုင်အမာ တည်ဆောက်ခြင်း၊ တာကြံ့ခိုင်မှု အားနည်းသည့် နေရာများတွင် ပြုပြင်ခြင်း၊ ကျိုးပေါက်သွားသော တာများအား အခိုင်အမာပြုပြင်ခြင်း၊ တာမြှင့်ပေးခြင်း၊ တာနိမ့်နေသည့်နေရာများတွင် အရေးပေါ်ကန်သင်းဖို့ခြင်း၊ ရေလွှတ်အမြင့် မြှင့်တင်ခြင်း၊ တာပုံစံကျပြုပြင်ခြင်းနှင့် တာကျိုးပေါက်မှုဖြစ်ပေါ်ပါက အရေးပေါ် အခိုင်အမာပြန်လည်ပိတ်ဖို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်တောရေိယာ၌ နှစ်ရှည်ရော်ဘာစိုက်ပျိုးခွင့်ကို သစ်တောဦးစီးဌာနနှင့် ပြန်လည် စာချုပ်ချုပ်ဆိုရမည်

သစ်တောရေိယာ၌ နှစ်ရှည်ရော်ဘာပင်များ စိုက်ပျိုးခွင့်ကို သစ်တောဦးစီးဌာနနှင့် ပြန်လည် စာချုပ်ချုပ်ဆိုရမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က "၁၉၉၅ ကာလက သစ်တောရေိယာမှာ ရော်ဘာစိုက်ပျိုးခွင့်ပေးခဲ့တယ်။ သစ်တောမြေတွေကို စိုက်ပျိုးရေးဦးစီးဌာနအောက်မှာရှိနေတဲ့ မြန်မာ့နှစ်ရှည်ပင်ဌာနကို လွှဲပြောင်းပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီဌာနနဲ့ ရော်ဘာစိုက်ပျိုးလုပ်ငန်းရှင်တွေ ငှားရမ်းစာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ အဲ့ဒီကာလအတွင်းမှာ လုပ်ပိုင်ခွင့်ရသူက တစ်ဆင့် ပြန်လည်လွှဲပြောင်းရောင်းချခဲ့ကြတယ်။ လက်ရှိ နောက်ဆုံး အခြေအနေအရ ကျွန်တော်တို့ဌာနအနေနဲ့ စိုက်ပျိုးရေးဌာန၊ ငှားရမ်းစာချုပ်တွေကို ပြန်လည်တောင်းခံထားပါတယ်"ဟု ပြောသည်။

ထို့အပြင် သစ်တောဦးစီးဌာနနှင့် နှစ် ၃၀ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ သို့အတွက် မူလစာချုပ် ချုပ်ဆိုသူနှင့် ယခုလက်ရှိ လုပ်ကိုင်သူတို့ ညှိနှိုင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ နှစ် ၃၀ ပြည့်မြောက်ပြီး လိုအပ်ပါက ထပ်မံ၍ Extension ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA)မှ ဦးအုန်းသန်းက မြေလုပ်ပိုင်ခွင့် တရားဝင်မရရှိသည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားရာတွင် ပဲခူးရိုးမကိုရော်ဘာလွှမ်းခြုံရမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပဲခူးရိုးမတစ်ဝန်း ရော်ဘာစိုက်ပျိုးကေများစွာ ဖော်ထုတ်လုပ်ဆောင်ခဲ့ကြောင်း၊ မြေလွတ်မြေရိုင်းနှင့် သစ်တောရေိယာမှာ ရော်ဘာများ စိုက်ပျိုးထားရှိကြောင်း၊ သို့အတွက် သစ်တောရေိယာ၌ စိုက်ပျိုးထားသည့် ရော်ဘာစိုက်ပျိုးကေများကို သစ်တောပလပ်မြေအဖြစ် သတ်မှတ်ပေးရန် တင်ပြထားကြောင်း ဆိုသည်။ ထို့အပြင် ရော်ဘာစိုက်ပျိုးကေ တစ်သိန်းခွဲခန့်မှာ စိုက်ပျိုးခွင့် တရားဝင်မရခြင်းနှင့် ကျူးကျော်များကို မဖယ်ရှားနိုင်ခြင်းကြောင့် လိုအပ်သည့် Infrastructure များကိုလည်း တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဇာလင်းသူ(AMIA)၊ **ကေဇူး**(AMIA)

သီးနှံ ကြိုရောင်း၊ ကြိုဝယ်လုပ်ရာတွင် ဘဏ်၌ အာမခံထားခြင်းကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာ

ကုန်စည်ဒိုင်များ၌ သီးနှံမျိုးစုံကို ကြိုရောင်း၊ ကြိုဝယ် ပြုလုပ်ကြရာတွင် ရောင်းသူက ၁၀ ရာခိုင်နှုန်း၊ ဝယ်သူက ၁၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံသားများဘဏ်၌ အာမခံထားခြင်းကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လာသလို လိမ်လည်မှုများလည်း လျော့ကျသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

ဘဏ်၌ အာမခံ ၁၀ ရာခိုင်နှုန်း ထားရှိပြီး ကြိုရောင်း ကြိုဝယ် အရောင်း အဝယ်ပြုလုပ်သည့်စနစ်သည် နိုင်ငံတကာမှာလည်း လုပ်ကိုင်နေသည့်စနစ်ဖြစ်ပြီး ကြိုရောင်း၊ ကြိုဝယ်ပြုလုပ်ရာတွင် မိမိနိုင်နင်းသည့် အတိုင်းအတာပမာဏထက် ပိုမိုများပြားစွာ ပြုလုပ်သည့်အတွက် လိမ်လည်မှုများ ဖြစ်ပေါ်လာသောကြောင့် ၂၀၁၅ ခုနှစ်မှစတင်ကာ ဘဏ်၌ အာမခံထားသည့်စနစ်ကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် စတင်ကျင့်သုံးခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးက "နိုင်ငံတကာနဲ့ကုန်သွယ်ရာမှာ ယုံကြည်မှုနဲ့တင် ဆောင်ရွက်လို့မရပါဘူး။ စာချုပ်စာတမ်းနဲ့ ဆောင်ရွက်ရမှာဖြစ်ပြီးတော့ အရောင်းအဝယ် လုပ်ထုံးလုပ်နည်း စည်းကမ်းနဲ့ ဆောင်ရွက်ရမှာပါ။ ဘဏ်တွေမှာ အာမခံ မထားမနေရစနစ်နဲ့ လုပ်ကိုလုပ်ရမယ်လို့လည်း မဆိုလိုပါဘူး"ဟု ပြောသည်။

နိုင်ငံတကာတွင် လက်ကားကုန်စည်ဒိုင်နှင့် ကုန်စည်ဒိုင်ကြီးဟူ၍ နှစ်မျိုးရှိပြီး ကုန်စည်ဒိုင်ကြီး၌ လက်ငင်းဈေးကွက်နှင့် ကြိုရောင်း၊ ကြိုဝယ်ဈေးကွက်ဟူ၍ နှစ်မျိုးဖြင့် အရောင်းအဝယ် ပြုလုပ်ကြကြောင်း၊ ရောင်းချလိုသောကုန်စည်များကို နမူနာခင်းကျင်းပြသထားခြင်း၊ ရောင်းသူနှင့် ဝယ်သူ နှစ်ဦးနှစ်ဖက် ချိတ်ဆက်ပေးသော ကြားခံအဖွဲ့အစည်း(သို့မဟုတ်)ပွဲစားဖြင့် ရောင်းဝယ်ခြင်း၊ ရောင်းသူ၊ ဝယ်သူများအား ကုန်စည်ဒိုင်၊ သိုလှောင်ရုံများတွင် အခကြေးငွေဖြင့် ငှားရမ်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကုန်စည်ဒိုင် ၅၀ ကျော် ဖွင့်လှစ်နိုင်ခဲ့သော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်သော ကုန်စည်ဒိုင်ကို လက်ချိုးရေတွက်၍ရကြောင်း၊ ထပ်မံဖွင့်လှစ်မည့် ကုန်စည်ဒိုင် ၁၃ ခုလည်းရှိကြောင်း၊ ကုန်စည် ဒိုင်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

"ကုန်စည်ဒိုင်တွေမှာ ကုန်ပစ္စည်းအရည်အသွေးတွေကို မှန်ကန်စွာ ထိန်းဖို့လိုတယ်။ အရည်အချင်းမမီလို့ အရောင်းအဝယ်ပဋိပက္ခဖြစ်ရင် နိုင်ငံခြားကုမ္ပဏီကတစ်ဆင့် ဝယ်သူက ကျွန်တော်တို့ကုန်စည်ဒိုင်ကို တင်ပြလာရင် ကောင်းတာကို ပြန်လည်ရွေးချယ်ပေးရတယ်။ ဘဏ်မှာ အာမခံ ၁၀ ရာခိုင်နှုန်း ထားရှိတဲ့စနစ်က ပြည်ပ ပို့ကုန်တင်ပို့ရာမှာ ထိထိရောက်ရောက် တင်ပို့နိုင်မှာဖြစ်ပါတယ်"ဟု ကုန်သည်လုပ်ငန်းရှင် ဦးမြင့်ငွေက ပြောသည်။

ဘုရင့်နောင် MCB ဘဏ်တွင် ပထမဦးဆုံး ကုန်စည်ဒိုင်အသင်းသား တစ်ဦးချင်းစီက Account ဖွင့်ထားရမည်ဖြစ်ကြောင်း၊ အာမခံစနစ်ဖြင့် အရောင်းအဝယ်ပြုမည်ဆိုပါက ရောင်းသူက ၁၀ ရာခိုင်နှုန်း၊ ဝယ်သူက ၁၀ ရာခိုင်နှုန်းဘဏ်၌ ငွေသွင်းရကြောင်း၊ ငွေသွင်း ချလန်ကို ရောင်းသူအား ရောင်းသူ၏ Code နံပါတ်ဖြင့်လည်းကောင်း၊ ဝယ်သူအား ဝယ်သူ၏ Code နံပါတ်ဖြင့်လည်းကောင်း ဘဏ်ကထုတ်ပေးကြောင်း သိရသည်။

ဇာလင်းသူ(AMIA)၊ **ကေဇူး**(AMIA)

ဆီထွက်သီးနှံစီမံကိန်း အရည်အသွေးလက်စွဲစာအုပ် မူကြမ်းရေးဆွဲရန် ယာယီအဖွဲ့ငယ် ဖွဲ့စည်းမည်

ဆီထွက်သီးနှံစီမံကိန်းကဏ္ဍမှ ပွဲစား၊ ကုန်သည်များ၊ ဂိုဒေါင်များအတွက် အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ လက်စွဲစာအုပ်မူကြမ်း၏ အသေးစိတ်အချက်အလက်များကို ပြင်ဆင်ခြင်းနှင့် လိုအပ်ချက်များကို ဖြည့်စွက်ရန် ယာယီအဖွဲ့ငယ် ဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ သိရသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက "ဆီထွက်သီးနှံကဏ္ဍ တစ်ရပ်လုံး ဖွံ့ဖြိုးလာဖို့ လက်စွဲစာအုပ်ထုတ်ပြီးတော့ ပါဝင်အကောင်အထည်ဖော်သူတွေသိအောင်ပါ"ဟု ပြောသည်။

စီမံကိန်း၏ ရည်ရွယ်ချက်ဖြစ်သော ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက် အရည်အသွေးမီ စိုက်ပျိုးရေးသွင်းအားစုများ ဖော်ထုတ်နိုင်ရေးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ စက်ကိရိယာများ သုံးစွဲနိုင်ရေး၊ GAP and GHP အဆင့်များသို့စနစ်တကျ ရောက်ရှိနိုင်ရေး၊ ထွက်ရှိလာသည့် စားသုံးဆီများအတွက် လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာ အချက်အလက်များကို အတည်ပြုပေးနိုင်ရေးများ ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန် ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း ရလဒ်များအတွက် ထုတ်ကုန်ပစ္စည်းများ နမူနာယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ယာယီလုပ်ငန်းအဖွဲ့ငယ် ဖွဲ့စည်းထားပြီး တွေ့ရှိချက်များအပေါ်အခြေခံ၍ လက်စွဲစာအုပ်မူကြမ်း၏ အသေးစိတ်အချက်အလက်များကို ပြင်ဆင်ခြင်းနှင့် လိုအပ်ချက်များကို ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းကို ၂၀၁၅ အောက်တိုဘာမှ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှုတစ်လျှောက် ပါဝင်ရန် ကတိကဝတ်ပြုသူများသည် စီမံကိန်းဝင် အကျိုးရှိသူများဖြစ်ပြီး ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက်တစ်လျှောက် အစားအစာများ အရည်အသွေးပြည့်မီရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ၊ သိုလှောင်ရုံထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများနှင့် သန့်ရှင်းမှုအလေ့အကျင့်များ တိုးမြှင့်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စီမံကိန်းတစ်လျှောက် သက်ဆိုင်ရာ ပါဝင်သူများနှင့် အကောင်အထည်ဖော်နေကြောင်း သိရသည်။

မြန်မာ့ မြေပဲဆီ၊ နှမ်းဆီဟာ ကမ္ဘာမှာဆိုရင် တန်ဖိုးမြင့်ပစ္စည်းတွေထဲမှာ ပါတယ်။ ဒါပေမယ့် ထုပ်ပိုးမှုစနစ်ရော၊ အားလုံးလိုက်နာရမယ့် အချက်တွေ ပြည့်စုံပြီဆိုရင် စားသုံးဆီကို တင်ပို့ရောင်းချနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်နဲ့ ရပ်တည်လို့ရပြီ။ ဒီကဏ္ဍကို အစိုးရရဲ့အကူအညီ လိုအပ်ပါတယ်"ဟု မန္တလေးမှ ရတနာဝင်းဆီစက်ပိုင်ရှင် ဦးမိုးနိုင်က ပြောသည်။

ဇာလင်းသူ(AMIA)၊ **ကေဇူး**(AMIA)

မြန်မာ့ထွက်ကုန်ငါးမျိုးကို ဂျပန်နိုင်ငံက ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိ

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံထွက် ကုန်ပစ္စည်းငါးမျိုးဖြစ်သည့် ပုစွန်၊ နှမ်း၊ ပဲတီစိမ်း၊ ပုလဲနှင့် သဘာဝရော်ဘာတို့ကို အဓိကထား၍ ဈေးကောင်းပေးဝယ်နေသည့် ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ ဂျပန်ဈေးကွက်အတွင်းသို့ မြန်မာ့ထွက်ကုန်ငါးခုကို ပိုမိုတင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ နည်းပညာမြင့်ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်ဖြန့်ချိရေးလမ်းကြောင်းများ အဆင့်မြှင့်တင်ရေးတို့ကို ဆွေးနွေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အရည်အသွေးကောင်းမွန်သော သဘာဝအလျောက် ဖမ်းယူရရှိသည့် ပုစွန်မျိုးကွဲ၊ မျိုးစိတ်များကို အဓိက ရောင်းချလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် နှမ်းကိုလည်း မြန်မာတစ်နိုင်ငံတည်းမှသာ ဝယ်ယူနေခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် မြန်မာ့ ပဲတီစိမ်းကိုလည်း ဂျပန်နိုင်ငံသို့ တစိုက်မတ်မတ် တင်ပို့နိုင်ရန်ရှိနေကြောင်း ယင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောသည်။ "ဂျပန်က ရန်ကုန်တိုင်းဒေသကြီးထွက် ပဲတီစိမ်းထက် ပဲပင်ပေါက်ကို ပိုကြိုက်တယ်။ မြန်မာရဲ့ပို့ကုန် ငါးမျိုးစလုံးကိုလည်း ပိုဝယ်တယ်။ အဓိက အရည်အသွေးကောင်းအောင် ထိန်းဖို့ပါပဲ"ဟု ၎င်းက ဆက်ပြောသည်။

မြန်မာ့ပုစွန်ကို သဘာဝအလျောက်ဖမ်းဆီးခြင်းနှင့် သမားရိုးကျ မွေးမြူရေးနည်းလမ်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သော်လည်း ထုတ်လုပ်မှုတွင် အဟန့်အတားဖြစ်စေကြောင်း၊ ထို့ကြောင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန်အတွက် နည်းပညာမြင့်နည်းလမ်းများ အသုံးပြု၍ မွေးမြူပါက သမားရိုးကျထက် ၁၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာရန် အလားအလာရှိနေကြောင်း၊ ပြည်ပသို့ ပို့ကုန်တင်ပို့မှုတွင် အိမ်နီးချင်းနိုင်ငံတို့၏ ယှဉ်ပြိုင်စွမ်းအားကိုလည်း ထည့်သွင်းတွက်ချက်သွားရန်လိုအပ်ကြောင်း သိရသည်။

ဇာလင်းသူ(AMIA)၊ **ကေဇူး**(AMIA)

ရော်ဘာအစေးခံ စဥ့်ခွက်များ ဈေးနှုန်းမြင့်ပြီး လိုသလောက် ဝယ်မရ

သုဝဏ္ဏဝတီ စက်တင်ဘာ ၁၇
မွန်ပြည်နယ်၌ ရော်ဘာဈေးနှုန်းများ တက်ရိပ်ပြလာမှုကြောင့် ရော်ဘာခြံလုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီး ရော်ဘာစိုက်တောင်သူများ အနေဖြင့် ရော်ဘာအစေးခံ စဥ့်ခွက်များကိုလည်း ဝယ်ယူမှုများပြားလာ၍ အဆိုပါ စဥ့်ခွက်များမှာ ဈေးနှုန်းမြင့်ကာ လိုအပ်သလောက်ပင် ဝယ်မရဖြစ်နေကြောင်း သိရသည်။

"နှစ်တိုင်း ရော်ဘာအစေးခံ စဥ့်ခွက်တွေကို ပြန်ပြီး ဝယ်ဖြည့်နေရတယ်။ ဒီနှစ်တော့ ရော်ဘာဈေးကျလို့ ပိတ်ထားတဲ့ ခြံတွေအတွက်ရော၊ အသစ်ဖွင့်တဲ့ခြံတွေအတွက်ပါ စဥ့်ခွက်တွေ လိုအပ်တဲ့အတွက် မနှစ်က ၁၁၀ ကျပ်ပေးရတဲ့ခွက်က အခု ၂၀၀ ကျပ်ပေးပြီး ဝယ်ရတယ်။ ဒါတောင် လိုသလောက်မရလို့ ပလတ်စတစ်ကော်ခွက်တွေ အစားထိုး ဝယ်နေရတယ်"ဟု ဝီယော်ကျေးရွာမှ ရော်ဘာခြံရှင်တစ်ဦးက ပြောသည်။

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တံတားဦး ကျေးရွာတောင်ပိုင်းရှိ ရွှေမြင့်မိုရ် ရော်ဘာစဥ့်ခွက် ထုတ်လုပ်ရောင်းဝယ်ရေးဆိုင်မှ ဒေါ်ခင်လှဝေက "ခြောက်လက်မ စဥ့်ခွက်တစ်ခုကို ၂၅၀ ကျပ်၊ ငါးလက်မစဥ့်ခွက် ၂၀၀ ကျပ်၊ လေးလက်မစဥ့်ခွက် ၁၈၀ ကျပ် ရောင်းပါတယ်။ ငါးလက်မစဥ့်ခွက်က အရောင်းရဆုံးပါ။ အော်ဒါမှာယူသူကို ဦးစားပေးရောင်းရပါတယ်။ မနှစ်ကထက် အော်ဒါမှာယူသူများပြီး လက်ခံထားရပါတယ်။ ကျွန်မတို့မှာ စဥ့်ခွက်ပြုလုပ်ပေးတဲ့ အလုပ်သမား ရှားလာတဲ့အတွက် နိုင်သလောက်သာ လက်ခံပြီး ပိုလျှံမှသာ အနီးပတ်ဝန်းကျင်ဒေသ ခြံရှင်တွေကို လက်လီ ရောင်းပေးနိုင်တာပါ။ နောင်နှစ်အတွက် ပစ္စည်းကောင်းကောင်းလိုချင်ရင် လိုသလောက် ကြိုတင်မှာယူနိုင်ပါတယ်။ မနှစ်က ခွက်အော်ဒါ တစ်သိန်းကျော် လက်ခံရပါတယ်။ အခုက လုပ်ငန်းစတင်ချိန် ရော်ဘာရာသီအစဆိုတော့ လိုအပ်ချက်အရ ဈေးနှုန်းမြင့်နေပြီး စဥ့်ခွက်ဈေးနှုန်းက မတည်ငြိမ်သေးပါဘူး။ ဒီဇင်ဘာလလောက်မှ ပုံမှန်ဈေးပြန်ဖြစ်မယ်ထင်ပါတယ်"ဟု ပြောသည်။

သထုံမြို့နယ် တံတားဦးကျေးရွာအုပ်စုအတွင်း ရော်ဘာစဥ့်ခွက် ထုတ်လုပ်သည့်ဖို ရှစ်ခုရှိသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ဖိုခြောက်ခုကသာ လက်ရှိ စဥ့်ခွက်များထုတ်လုပ်နိုင်ကြောင်း၊ အဆိုပါ စဥ့်ခွက်ဖိုများသို့ မွန်ပြည်နယ်အတွင်းသာမက ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရော်ဘာလုပ်ငန်းများကလည်း လာရောက်၍ စဥ့်ခွက်များ ကြိုတင်မှာယူ၊ ဝယ်ယူကြရာ နှစ်စဥ် စဥ့်ခွက်အရေအတွက် တစ်သန်းခန့် ရောင်းချရကြောင်း သိရသည်။

ခွန်(ဝင်းပ)

ပြောင်းပေါ်ချိန် ဈေးနှုန်းကျဆင်းခြင်းမရှိစေရန် ကုန်သည်များနှင့် ပူးပေါင်းဆောင်ရွက်မည်

ကယားပြည်နယ်တွင် ယခုနှစ် ပြောင်းစိုက်ဧက တိုးမြင့်လာသည့်အတွက် လာမည့် ပြောင်းထွက်ပေါ်လာချိန်တွင် တောင်သူများဆုံးရှုံးနစ်နာမှု မရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သက်ဆိုင်ရာ ကုန်သည်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းစိုက်တောင်သူများအနေဖြင့် ဈေးနှုန်းပြန်လည်ကောင်းမွန်လာရေး မျှော်လင့်ကာ အခြောက်ခံစက်များဖြင့် အခြောက်ခံ၍ သိုလှောင်ထားကြခြင်း၊ ဧကများ တိုးမြှင့်စိုက်ပျိုးလာခြင်းတို့ကြောင့် စိုက်ပျိုးဧကအလိုက် သီးနှံများ တိုးချဲ့ပြောင်းလဲ စိုက်ပျိုးမှုများကို စာရင်းကောက်ယူခြင်း၊ ဈေးကွက်ပြောင်းလဲမှုအပေါ် စောင့်ကြည့်လေ့လာခြင်း၊ သတင်းထုတ်ပြန်ပေးခြင်းတို့ကို အဆင့်ဆင့် စီစဥ်ဆောင်ရွက်ပြီး ဈေးကွက်၊ ဈေးနှုန်း သဘောတရားများကိုလည်း ကုန်သည်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ "နိုင်ငံတကာဈေးကွက် ဖော်နိုင်အောင် ဈေးကွက်ရှာဖွေနေပါတယ်။ တရုတ်ဘက်က ပြောင်းကို ကိုတာစနစ်နဲ့ တန်ချိန်တစ်သောင်းဝယ်ပေးဖို့ ဆွေးနွေးထားတယ်"ဟုလည်း ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ခုနှစ်က ကယားပြည်နယ်၌ ပြောင်းဖူးစိုက်ဧက ၃၂၆၇၂၅ ဧက ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၅၂၇၆၆ ဧကရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ထိုဧကများထက် ပို၍ စိုက်ပျိုးလာကြကြောင်း သိရသည်။

ပြည်တွင်း ပြောင်းဈေးနှုန်းများ ကျဆင်းလာခြင်း အကြောင်းရင်းများမှာ ကမ္ဘာ့ပြောင်းဈေးနှုန်း ကျဆင်းခြင်း၊ အဓိကဝယ်လက်ဖြစ်သည့် တရုတ်ပြည်တွင်း၌ တောင်သူများက ပြောင်းပိုမိုစိုက်ပျိုးလာခြင်း၊ ပြောင်းစေ့များကို တရုတ်ဘက်မှ မကြာခဏဖမ်းဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံအတွက် ပြောင်းဖူးစေ့ဝယ်ယူမှုခွဲတမ်း လျော့နည်းလာခြင်းနှင့် သီးနှံအရည်အသွေး ကျဆင်းလာခြင်းတို့ကြောင့် ဖြစ်သည်။

ကယားပြည်နယ်တွင် ပြောင်းစိုက်ပျိုးမှုတိုးလာသော်လည်း အခြားသီးနှံ စိုက်ပျိုးမှုမှာ လျော့နည်းလာရာ သီးနှံစိုက်ပျိုးမှုစာရင်းအရ မြေပဲသည် ၂၀၁၆ ခုနှစ်ထက် ၂၀၁၇ တွင် ၇၃၃ ဧက လျော့နည်းပြီး ပဲမျိုးစုံမှာ ၈၆၂၀ ဧက လျော့နည်းလာသည်။ တောင်ယာစပါးမှာလည်း ၃၉၃၄ ဧက လျော့နည်းနေသည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်က ပြည်နယ်တွင် ပြောင်းဖူးစေ့ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၁၈၇၀၀ ကျော် (တရုတ်ငွေ ယွမ် ၁၀၀ ကျော်) ဈေးရှိခဲ့ပြီး လက်ရှိအချိန်တွင် ပြောင်းဖူးစေ့ဈေးသည် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀ ကျော် (တရုတ်ငွေ ၇၇ ယွမ်)ဈေးသာ ရရှိနေကြောင်း သိရသည်။

ဇာလင်းသူ(AMIA)
ဓာတ်ပုံ-ဝတ်ရည်မွန်(AMIA)

တစ်ပတ်အတွင်း ဈေးကွက်သုံးသပ်ချက်

(စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ)

ဒီတစ်ပတ်မှာတော့ မတ်ပဲက အကျဈေးနဲ့ ဈေးပြန်ဖွင့်ခဲ့ပြီး တစ်ပတ်လုံးမှာ ဈေးကွက်အပြောင်းအလဲက တည်ငြိမ်မှုမရှိခဲ့ပါဘူး။ ပဲစင်းငုံကတော့ လက်ရှိအချိန်ထိ အကျဈေးနဲ့ပဲ တည်ငြိမ်နေခဲ့ပါတယ်။

မတ်ပဲ (FAQ/RC)အကျဈေးနဲ့ ဈေးကွက်မတည်ငြိမ်

စက်တင်ဘာ ပထမပတ်မှာ အနည်းငယ် တက်ရိပ်ပြခဲ့တဲ့ မတ်ပဲက ဒုတိယအပတ်မှာတော့ အကျဈေးနဲ့ဈေးပြန်ဖွင့်ခဲ့ပြီး ဈေးကွက်အတွင်း အပြောင်းအလဲများခဲ့ပါတယ်။ တစ်တန်ကို ငါးသိန်းခွဲ ပတ်ချာလည် အခြေအနေနဲ့ အတက်အကျ အပြောင်းအလဲရှိနေခဲ့ပြီး ဒီထက် ဈေးတက်လာနိုင်တဲ့ အခြေအနေတော့ မရှိသေးပါဘူး။ မတ်ပဲက အိန္ဒိယကိုသာ အဓိက တင်ပို့နေရတဲ့အတွက် အိန္ဒိယနိုင်ငံမှာ တင်သွင်းခွင့်ကို ပြောင်းလဲပြင်ဆင်ခြင်း မပြုသရွေ့ မတ်ပဲဈေးက ပြောင်းလဲခြင်းမရှိနိုင်ဘူးလို့ သိရပါတယ်။ လက်ရှိ မတ်ပဲပေါက်ဈေးကတော့ ငါးသိန်းခွဲဝန်းကျင်မှာသာ အပြောင်းအလဲဖြစ်နေပါတယ်။

ပဲစင်းငုံ အကျဈေးနဲ့ ဈေးငြိမ်

ပဲစင်းငုံက ဒီတစ်ပတ်မှာတော့ အကျဈေးနဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ တစ်တန်ကို ကျပ် ၄၂၀၀၀၀ ဝန်းကျင်ရှိပြီး ကျပ်ထောင်ဂဏန်းလောက်သာ ဈေးနှုန်း အတက်အကျ အပြောင်းအလဲ ရှိခဲ့ပါတယ်။ ပဲစင်းငုံကတော့ မတ်ပဲနဲ့ယှဥ်ရင် ဈေးကွက်မှာ အလွန်ဈေးငြိမ်တဲ့ ပဲတစ်မျိုး ဖြစ်နေပါတယ်။ ပြီးတော့ အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲက အထွက်တိုးနေပေမယ့် ပဲစင်းငုံကတော့ အထွက်လျော့နေတဲ့အတွက် ဈေးက လက်ရှိအချိန်မှာ ခန့်မှန်းရခက်တဲ့အနေအထားတစ်ခုလည်း ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့အပတ်က အိန္ဒိယဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး စာချုပ်ချုပ်ထားပြီးပါက ဆက်လက်တင်ပို့ခွင့်ပြုတယ်ဆိုတဲ့ ဖြေလျှော့မှုတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ပဲတင်ပို့မှုက မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ တခြားနိုင်ငံပါ ပါဝင်နေတဲ့အတွက် ထိရောက်တဲ့ ဖြေလျှော့မှုတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။

စီပီပြောင်း ဈေးဆက်တက်

တရုတ်နိုင်ငံကို အဓိကထား တင်ပို့နေတဲ့ စီပီပြောင်းက ဈေးဆက်တက်လာပါတယ်။ တစ်ပိဿာကို ကျပ် ၅၂၀ ကနေ ၅၉၀ အထိ ပေါက်ဈေးရှိနေပြီး လက်ရှိအချိန်မှာတော့ တစ်ပိဿာကို ၃၀ ကျပ်လောက် ဈေးမြင့်တက်လာခဲ့ပါတယ်။ တရုတ်နိုင်ငံက အဝယ်သွက်နေတဲ့အတွက် ဈေးက မြင့်တက်နေတာလည်း ဖြစ်ပါတယ်။ ပုံမှန် မူဆယ်ကနေ တစ်ဆင့် တရုတ်နိုင်ငံကို ပြောင်းကားအစီးရေ ၄၀၀ နီးပါး နေ့စဥ်ဝင်ရောက်လျက်ရှိကြောင်းနဲ့ ပြီးခဲ့တဲ့ တစ်လလုံးမှာလည်း ပြောင်းတန်ချိန် လေးသောင်းကျော် တင်ပို့ခဲ့ပြီးဖြစ်တယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။ လက်ရှိ ပြောင်းပေါက်ဈေးကတော့ တစ်ပိဿာကို ကျပ် ၅၄၀ ကနေ ၆၀၀ အထိ ရှိပါတယ်။

ကုလားပဲ ဈေးဆက်မြင့်

ကုလားပဲမျိုး ဝယ်ယူမှုများနေတဲ့အတွက် ကုလားပဲဈေးကတော့ ဆက်ပြီးမြင့်နေပါတယ်။ လက်ရှိမှာ ပြည်တွင်းက ဝယ်လက်ဝယ်ယူမှု များနေပြီး ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် ဈေးက အတက်ဈေးနဲ့ ရှိနေပါတယ်။ ကုလားပဲတစ်တင်းကို ကျပ်လေးသောင်းခွဲလောက် ဈေးရရှိနေပြီး မျိုးပဲကတော့ တစ်တင်းကို ၄၆၀၀၀ လောက် ပေါက်ဈေးရှိနေပါတယ်။

ဘိုကိတ်ပဲ

ဘိုကိတ်ပဲကတော့ လက်ရှိမှာ လက်ကျန်ပဲတွေ အလွန်နည်းနေတဲ့အတွက် ဈေးအနည်းငယ် မြင့်တက်လာပါတယ်။ အချိန်တော်တော်ကြာ ဈေးငြိမ်နေခဲ့တဲ့ ဘိုကိတ်ပဲဟာ စက်တင်ဘာလ ဒုတိယအပတ်မှာစပြီး ဈေးမြင့်တက်လာတာလည်း ဖြစ်ပါတယ်။ လက်ရှိမှာ ဘိုကိတ်ပဲ တစ်ပိဿာကို ကျပ် ၁၃၃၀ ကနေ ၁၄၂၀ ခန့်အထိ ပေါက်ဈေးရှိနေပါတယ်။

နှမ်းညို ဈေးကျဆင်း

ပြည်တွင်းဈေးကွက်အတွင်း နှမ်းအဝင်အထွက် မရှိသလို ဝယ်လက်နည်းတဲ့အတွက် နှမ်းညို ဈေးကတော့ အနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ လတ်တလောပေါက်ဈေးကတော့ တစ်အိတ်ကို ကျပ် ၈၈၀၀၀ ပေါက်ဈေးရှိနေပါတယ်။

ညှော်မထမိုးဆန်နဲ့ မီးဒုံးဆန် ဈေးတက်

ပြည်တွင်းဈေးကွက်ကို ဆန်ကြမ်းအဝင်နည်းတာနဲ့ ပြည်ပကို ဆန်ကြမ်းပို့ကုန်များနေတဲ့အတွက်ကြောင့် ဆန်ကြမ်းဈေးတွေက ဆက်ပြီး တက်နေပါတယ်။ ညှော်မထဆန်ကတော့ တစ်အိတ်ကို ကျပ် ၈၀၀ လောက် ဈေးတက်လာပြီးတော့ မီးဒုံးဆန်ကတော့ တစ်အိတ်ကို ကျပ်တစ်ထောင်လောက် ဈေးတက်လာပါတယ်။ လက်ရှိပေါက်ဈေးက ညှော်မထဆန်တစ်အိတ်ကို အမြင့်ဆုံးဈေး ၂၂၀၀၀ ရှိပြီး မီးဒုံးဆန်ကတော့ အမြင့်ဆုံးဈေး ၂၇၀၀၀ ပေါက်ဈေးရှိနေပါတယ်။

ဝတ်ရည်မွန်(AMIA)

ပဲတီစိမ်းနှင့် မတ်ပဲအစား မြေပဲနှင့်ပြောင်းကိုစိုက်ရန် တောင်သူများ စိတ်ဝင်စားနေ

ရေတာရှည် စက်တင်ဘာ ၁၇
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စပါးပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိသော မတ်ပဲနှင့် ပဲတီစိမ်းများမှာ လက်ရှိအချိန်တွင် ပြည်ပဈေးကွက်အပြောင်းအလဲကြောင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တောင်သူများအနေဖြင့် ဈေးကွက်တည်ငြိမ်မှုမရှိသည့် သီးနှံများကို အရှုံးခံစိုက်ပျိုးမည့်အစား ဈေးကွက်သေချာသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဈေးကွက်မတည်ငြိမ်သည့် မတ်ပဲနှင့် ပဲတီစိမ်းများအစား တွက်ခြေကိုက်သည့် ဆီထွက်သီးနှံဖြစ်သော မြေပဲနှင့် အစေ့ထုတ်ပြောင်းများကို ပြောင်းလဲစိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

"မြေပဲစိုက်ပျိုးတာက ဈေးမကောင်းလည်း ဘာမှ မဖြစ်ဘူးလေ။ ဆီကြိတ်ပြီး ဈေးကောင်းရောင်းလို့ရတယ်။ ပြောင်းဆိုလည်း တရုတ်က ဝယ်လက်ရှိတယ်။ ပြည်တွင်းမှာလည်း မုန့်လုပ်တဲ့သူ ကြက်မွေးတဲ့သူတွေအတွက် ဈေးကွက်က ရှိပြီးသား။ အဲဒါကြောင့် မိုးစပါးပြီးရင်တော့ မြေပဲနဲ့ ပြောင်းကိုပဲ စိုက်တော့မယ်"ဟု တောင်သူတစ်ဦးကပြောသည်။

ရေတာရှည်မြို့နယ်မှ သစ်တောကြိုးဝိုင်းဒေသများနှင့် စစ်တောင်မြစ်ဝှမ်းတစ်လျှောက် နုန်းတင်မြေနုများတွင် နှစ်စဥ် မိုးစပါးများစိုက်ပျိုးကာ ထိုမိုးစပါးများ ရိတ်သိမ်းပြီးစီးပါက နွေစပါးစိုက်ပျိုး၍မရသည့် နေရာများတွင် မြေပဲနှင့် ပြောင်းကို စိုက်ပျိုးရန် ယခုကတည်းက တောင်သူများ ကြိုတင်ပြင်ဆင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ဧကပေါင်း နှစ်သောင်းကျော်ရှိပြီး နွေစပါးမစိုက်နိုင်သည့် နေရာများတွင် အခြားသီးနှံများကို စိုက်ပျိုးကြရာ ယခုနှစ်တွင် နေပြည်တော်ပေါင်းလောင်း(အဝေရာဆည်)မှတစ်ဆင့် စစ်တောင်းမြစ်ကြောင်း တစ်လျှောက် ဝဲ/ယာ ရေပေးမြောင်းမကြီးများ တည်ဆောက်၍ ရေများ စတင်လွှတ်ပေး စမ်းသပ်လျက်ရှိရာ ရေတာရှည်မြို့နယ်အတွင်းရှိ ဘုရားကုန်း၊ ဇေယျသိမ်၊ ရဲကုန်း၊ မြို့လှ၊ ကက္ကူ၊ သာဂရ၊ ဝဲဒေါင့်နှင့် ဒေါင့်အင်းကုန်း ကျေးရွာအုပ်စုများအထိ ရေရသဖြင့် နွေစပါးများ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သောကြောင့် ယခု နွေသီးနှံစိုက်ရာသီအတွင်း ရေတာရှည်မြို့နယ်၌ နွေစပါးစိုက်တောင်သူဦးရေ တိုးလာနိုင်သည်နှင့်အမျှ ပဲစိုက်ပျိုးမည့်တောင်သူ အရေအတွက်သည် များစွာလျော့ကျသွားနိုင်ဖွယ် ရှိနေသည်။

ကိုလွင်(ဆွာ)

ကျွန်တော်နဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ယခင်တစ်ပတ် သတင်းစာတွေမှာ ဒုတိယသမ္မတက စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ (၉) ကြိမ်မြောက် တွေ့ဆုံခဲ့တာကို ဖတ်ခဲ့ရတယ်။ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးတွေ၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေပါဝင်ခဲ့တာ။ ပြီးခဲ့တဲ့အကြိမ်တွေမှာလည်း အခုလိုဒုတိယသမ္မတနဲ့ ဝန်ကြီးတွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ခဲ့တယ်။ အခုလိုတာဝန်ရှိသူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို တွေ့ဆုံခဲ့တာတွေကို ကြိုဆိုရပါတယ်။ အပြန်အလှန်သဘောတွေ၊ အတွေးတွေ၊ အယူအဆတွေကို စားပွဲဝိုင်းထိုင်ပြီး ညှိနှိုင်းအဖြေရှာတာဟာ လိုအပ်တဲ့အစီအစဉ်သာဖြစ်ပါတယ်။ လူကြီးတွေအနေနဲ့ လက်တွေ့ဘဝရဲ့အခြေအနေတွေကို သိရှိနိုင်အောင် နားထောင်ဖို့ လိုအပ်မှာဖြစ်တယ်။ တင်ပြချက်တွေကို သိပြီးရင်တောင် လက်ခံနိုင်စွမ်းရှိရမယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုထုံးစံဓလေ့အရ လူကြီးတွေနဲ့ တွေ့ဆုံရင် ပြောသမျှကိုသာ နားထောင်ရပြီး မိမိတို့ရဲ့တင်ပြချက်တွေကို ပြည့်ပြည့်စုံစုံ မလုပ်နိုင်ခဲ့ဘူး။ လေးလမ်းသွားပုံစံမျိုးကျင့်သုံးနေရင် အကျိုးရှိနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော်က ဆက်သွယ်ရေးဘာသာရပ်ကို လေ့လာတဲ့သူ။ မှတ်မိတဲ့ပုံသေနည်းတစ်ခုက (၈၀/၂၀) ဖြစ်တယ်။ နားထောင်တာက ၈၀ ရာခိုင်နှုန်းဖြစ်ပြီး ပြောတာက ၂၀ ရာခိုင်နှုန်း ဖြစ်သင့်တယ်တဲ့။ ဒါကြောင့် ၁ နာရီတွေ့ဆုံရင် ၄၈ မိနစ် နားထောင်ပြီး ၁၂ မိနစ်ပြောသင့်တာ။ ဒီပုံသေနည်းကို နေရာတိုင်းသုံးရင် သိပ်ကောင်းမှာ။ အမှန်တော့ တွေ့ဆုံတဲ့ ရည်ရွယ်ချက်က နားလည်မှုတည်ဆောက်ခြင်း၊ အပြန်အလှန်သဘောထားတွေ ဖလှယ်ခြင်းသာဖြစ်တယ်။ ညွှန်ကြားချက်တွေ၊ အမိန့်တွေအတွက် မဟုတ်ပါဘူး။ ဒါပေမယ့် လူကြီးတွေဟာ စေတနာထားတာမို့ ပြောစရာတွေ၊ ညွှန်ကြားစရာတွေရှိမှာ။ အခုလိုတင်ပြတဲ့နေရာမှာလည်း မိမိရဲ့ပုဂ္ဂလိကလိုအပ်ချက်တွေ၊ တမ်းတမှုတွေကို ရှေ့တန်းမတင်သင့်ဘဲ တစ်မျိုးသားလုံးအရေးကိုရှေးရှုပြီး ဆွေးနွေးသင့်ပါတယ်။ ဆွေးနွေးကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

တွေ့ဆုံပွဲတွေဟာ မြန်မာနိုင်ငံရဲ့ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုအတွက်ဖြစ်တယ်။ အခုလို ပုဂ္ဂလိက ကဏ္ဍကိုဦးစားပေးတာဟာ အလွန်ဖြစ်သင့်တဲ့ကိစ္စဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်က ဖြတ်ကျော်လာခဲ့တဲ့ အတွေ့အကြုံတွေကြောင့် ပုဂ္ဂလိကကဏ္ဍအပေါ် အမြင်အယူအဆတွေဟာ မရေမရာဖြစ်ခဲ့တယ်။ တစ်ဖက်က အရေးပါကြောင်း လက်ခံပေမယ့် အစိုးရရဲ့ကဏ္ဍကို လက်လွှတ်ရမှာ စိုးရိမ်နေပုံပဲ။ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့ အကြွင်းအကျန်၊ အတွေးအခေါ်တွေ ရှိစေတဲ့ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယူဆဆဲဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖို့ဆုံးဖြတ်ထားရင် စီမံကိန်းစီးပွားရေးပုံစံကို စွန့်လွှတ်ရမယ်။ ဗဟိုကရေးဆွဲတဲ့စီမံကိန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်အထိ စီးဆင်းစေပြီး အခုလိုအထက်ကကျလာတဲ့ စီမံကိန်းတွေကို အောက်ခြေအဆင့်ဆင့်က ပြုပြင်ပြင်ဆင်ပြီး ဗဟိုအဆင့်အထိ ညှိနှိုင်းခဲ့ပြန်တယ်။ စီမံကိန်းရေးဆွဲရာမှာ အသုံးချတဲ့ငွေတွေ၊ လူတွေ၊ အင်အားစုတွေဟာ မနည်းလှဘူး။ နောက်ဆုံးမှာ ဒီစီမံကိန်းတွေဟာ စားပွဲပေါ်မှာသာကျန်ခဲ့ပြီး လက်တွေ့ဘဝနဲ့ ကင်းဝေးနေတာဖြစ်တယ်။ ရှင်သန်တဲ့ဈေးကွက်စနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာ လုပ်ငန်းအဖွဲ့အစည်းတွေက မိမိတို့အတွက် အသုံးချနိုင်မယ့် သုံးနှစ်၊ ငါးနှစ် အစီအစဉ်တွေရေးဆွဲပြီး လုပ်ငန်းအဖွဲ့အစည်းတွေအားလုံးရဲ့ စုပေါင်းရလဒ်တွေဟာ နိုင်ငံတစ်ခုလုံးအတွက် အကျိုးရှိမယ်လို့ ယူဆကြတယ်။

အခုလိုအသွင်ကူးပြောင်းကာလမှာ တစ်ဖက်က စီမံကိန်းတွေရေးဆွဲပြီး စီမံဆောင်ရွက်စေဖို့။ တစ်ဖက်ကလည်း ဈေးကွက်ကို ယုံယုံကြည်ကြည်နဲ့ အားကိုးရမှာသာဖြစ်တယ်။ နိုင်ငံတော်အစိုးရရဲ့တာဝန်ဟာ ဈေးကွက်စနစ်ရဲ့အားနည်းချက်တွေကို ဖြေရှင်းပေးဖို့ဖြစ်တယ်။ ဈေးကွက်ဟာ အလိုလို အဆင်ပြေချောမွေ့နိုင်မယ်လို့ ယူဆလို့မရနိုင်ဘူး။ ဈေးကွက်စီးပွားရေးစနစ်မို့ လက်လွှတ်လို့မရဘဲ လိုအပ်ရင် အစိုးရက ပါဝင်လှုပ်ရှားရမှာဖြစ်တယ်။ အခြားနိုင်ငံတွေနဲ့နည်းတူ မြန်မာနိုင်ငံမှာလည်း ခေတ်အဆက်ဆက်က အမွေခံခဲ့တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အများအပြားရှိနေတယ်။ လုပ်ငန်းတိုင်းလိုလို အရှုံးပေါ်နေကြတယ်။ ကုန်ထုတ်စွမ်းအားနည်းပါးပြီး ခေတ်မီတိုးတက်အောင် မစွမ်းဆောင်နိုင်ဘဲ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်။ ရှိသမျှအားလုံးကို ပုဂ္ဂလိကလက်ထဲ ထည့်လို့လည်းမဖြစ်နိုင်ဘူး။ ဒီလိုဆောင်ရွက်ဖို့ စဉ်းစားနေကြသလား မသိဘူး။ လုပ်ရင် ရုရှားနိုင်ငံတို့၊ အရှေ့ဥရောပနိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့၊ တရုတ်နိုင်ငံတို့လိုလည်း ဖြစ်မှာစိုးရိမ်တယ်။ တန်ဖိုးရှိလှတဲ့ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းတွေကို ကြမ်းခင်းဈေးနဲ့ ခပ်ပေါပေါ ရောင်းချခဲ့တာမို့ ဝယ်တဲ့သူတွေ သူဌေးဖြစ်ကုန်ပြီး နိုင်ငံတော်မှာ ဆုံးရှုံးနစ်နာမှုတွေကို ခံခဲ့ရတယ်။ အမှန်တော့ နိုင်ငံပိုင်ဆိုတာက ပြဿနာမဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေကို စီးပွားရေးဆန်ဆန် စီမံခန့်ခွဲနိုင်မှုက အဓိက။ အမှန်တော့ ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုကို ခွဲခြားနိုင်ဖို့ လိုအပ်တယ်။

ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးဖို့ အခြေခံကတော့ လုပ်ချင်ကိုင်ချင်တဲ့သူတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးမှုပဲဖြစ်တယ်။ အခြေခံဖြစ်တဲ့ စွန့်ထွင်ဦးစီးမှုကို အားပေးရမယ်။ အထူးသဖြင့် ကိုယ်ပိုင်အလုပ်လုပ်ချင်သူတွေကို မြှင့်တင်ဖို့ လိုအပ်တယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ ပညာတတ်လူငယ်တွေကို အားကိုးချင်တယ်။ သူတို့ကို မြေတောင်မြှောက်ပေးဖို့ လိုအပ်တယ်။ စီးပွားရေးအောင်မြင်ဖို့ အရေးကြီးတဲ့အချက်တစ်ခုက မိမိရောင်းချတဲ့ကုန်ပစ္စည်း၊ ပေးဆောင်တဲ့ဝန်ဆောင်မှုတွေနဲ့ ပတ်သက်ပြီး လူသိအောင် (branding) လုပ်ရမယ်။ တစ်နည်းပြောရင် အမှတ်တံဆိပ်သတ်မှတ်မှုဖြစ်တယ်။ အိန္ဒိယနိုင်ငံမှာ အကောင်အထည်ဖော်ထုတ်နေသလို (Made in Myanmar) မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ပစ္စည်းတွေကို ကမ္ဘာသိအောင်လုပ်ဖို့ လိုအပ်တယ်။ တစ်ချိန်က စီးပွားရေးပိတ်ဆို့မှုတွေခံရလို့ မလုပ်နိုင်ပေမယ့် အခုအချိန်မှာ မြန်မာက ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဖို့လိုအပ်တယ်။ ထိုးဖောက်နေသူတွေလည်းရှိနေပြီ။ သူတို့ကို ရှေ့တန်းတင်ပြီးအားပေးရမယ်။ သူတို့ကို ကျန်တဲ့သူတွေ အားကျအောင် ဆောင်ရွက်ဖို့လိုအပ်တယ်။ စီမံချက်တွေချမှတ်ခဲ့တာ အတော်ကြာခဲ့ပြီ။ ဒီလိုလုပ်ရုံနဲ့ ဖြစ်လာမှာ မဟုတ်ဘူး။ လုပ်ငန်းရှင်တွေကို လွှတ်ပေးဖို့ လိုအပ်တယ်။ တချို့နိုင်ငံမှာ နိုင်ငံခြားပို့ကုန်တွေ လုပ်ပေးတဲ့သူတွေကို အခွန်မကောက်တဲ့အပြင် ဆုပေးတယ်။ မက်လုံးပေးတယ်။

ပုဂ္ဂလိကစီးပွားရေးတိုးတက်ဖို့ အခွန်စည်းကြပ်မှုစနစ်ကို ပြန်လည်သုံးသပ်ဖို့ လိုအပ်မယ်။ အမေရိကန်နိုင်ငံမှာ အဆိုတစ်ခုက လူတစ်ယောက် ကြောက်တာနှစ်ခုရှိတယ်။ တစ်ခုက သေရမှာကြောက်ပြီး နောက်တစ်ခုကတော့ အခွန်ဆောင်ရမှာ ကြောက်တယ်တဲ့။ အခွန်ကတော့ ပြည်သူတိုင်းရဲ့ တာဝန်တစ်ရပ်ဖြစ်တယ်။ လူတိုင်းဟာ တာဝန်ကျေရမယ်။ ဒါပေမယ့် အခွန်ကိုသုံးသပ်တဲ့အခါ ရှုထောင့်နှစ်မျိုးက ကြည့်ဖို့လိုအပ်တယ်။ အခွန်ဟာ နိုင်ငံရဲ့ဝင်ငွေဖြစ်သလို တစ်ဖက်ကလည်း မက်လုံးဖြစ်တယ်။ အခွန်စည်းကြပ်မှုဟာ လိုတာထက်များခဲ့ရင် လုပ်ချင်ကိုင်ချင်စိတ်ကို ထိပါးနိုင်တယ်။ ရှာသမျှကို အခွန်ပေးရရင် လုပ်ချင်ကိုင်ချင်စိတ်ကိုထိခိုက်နိုင်တယ်။

အမှန်တော့ အခွန်နဲ့ပတ်သက်လာရင် နှုန်းနဲ့ပမာဏကို ခွဲခွဲခြားခြားသုံးသပ်နိုင်ဖို့ လိုအပ်တယ်။ အခွန်နှုန်းတိုးမြှင့်လိုက်ရင် အခွန်ပမာဏတိုးလိမ့်မယ်လို့ တထစ်ချ ယူဆလို့မရဘူး။ မတိုးတဲ့အပြင် အခွန်ရှောင်တဲ့သူတွေ တိုးပွားလာနိုင်တယ်။ နိုင်ငံတော်အတွက် လိုအပ်တာက အခွန်ကရမယ့် ငွေပမာဏတိုးဖို့ပဲဖြစ်တယ်။ အခြေခံလူတန်းစားတွေ စီးပွားရေးလုပ်တဲ့အခါ အခွန်ကင်းလွတ်ခွင့် ပြုစေချင်တယ်။ လမ်းဘေးဈေးသည်တွေကို အခွန်ကောက်လို့ရတဲ့ ငွေပမာဏဟာ မပြောပလောက်ဘူး။ အရေးကြီးတာက အခွန်နှုန်းတွေလျှော့လိုက်ရင် အလုပ်လုပ်ချင်တဲ့သူတွေများလာမယ်။ ဒီလူတွေဆီကရမယ့် အခွန်ပမာဏဟာလည်း မလွဲမသွေ တိုးလာမှာသာဖြစ်တယ်။ တစ်ခုတော့ ရှိပါတယ်။ အခွန်ဟာ ဝင်ငွေဖြန့်ဝေမှုလက်နက်အဖြစ် အသုံးချနိုင်တယ်။ ချမ်းသာတဲ့သူတွေဆီကရတဲ့အခွန်ငွေတွေကို အများအတွက် အကျိုးရှိစေမယ့် ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးလုပ်ငန်းတွေမှာ အသုံးချနိုင်မှာဖြစ်တယ်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်းတံတား၊ လျှပ်စစ်မီး၊ လောင်စာတွေကို ဖြည့်ဆည်းရမယ်။ ဒီလိုဆောင်ရွက်ဖို့လိုအပ်တဲ့ ထောက်ပံ့မှုတွေ၊ ချေးငွေတွေ ရှာဖွေစုဆောင်းရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်။ ဒီလိုကျန်ခဲ့တာဟာ အခွင့်အရေးတစ်ရပ်ဖြစ်တယ်။ အရှေ့ရောက်နေတဲ့ နိုင်ငံတွေရဲ့အမှားကို သင်ခန်းစာယူပြီး ကိုယ့်အလှည့်မှာ မမှားအောင်လုပ်ရမှာဖြစ်တယ်။ နိုင်ငံရဲ့အခြေခံအင်အားစုတွေကိုအားကိုးပြီး သူများနိုင်ငံတွေကို ကျော်နိုင်အောင်လုပ်ဆောင်ရမှာသာဖြစ်တယ်။ ဒီလိုဆောင်ရွက်ဖို့ ပြည်သူတွေကို ယုံကြည်ရမယ်။ သံသယစိတ်တွေပျောက်ပြီး သူတို့ကို အားပေးရမယ်။ ချမ်းသာတဲ့သူတွေပွားများအောင် လုပ်ဆောင်ရမယ်။ သူဌေးတွေဟာ ရန်သူတွေမဟုတ်ဘဲ မဟာမိတ်တွေအဖြစ် စည်းရုံးဖို့လိုအပ်တယ်။ စီးပွားရေးလုပ်တတ်သူတွေ၊ ကျွမ်းကျင်သူတွေကို နေရာပေးပြီး ရှေ့တန်းတင်ရမယ်။ အမှန်တော့ နိုင်ငံတော်ရဲ့တာဝန်က ပုဂ္ဂလိကစီးပွားရေးတိုးတက်နိုင်မယ့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရမှာသာဖြစ်တယ်။ ပိုင်ဆိုင်မှုကို အာမခံရမယ်။ တရားဥပဒေရဲ့အကာကွယ်ပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ "ရေမြင့်မှ ကြာတင့်" ဆိုသလို ပုဂ္ဂလိကစီးပွားရေးစနစ် တိုးတက်ဖွံ့ဖြိုးမှုရှိမှ နိုင်ငံရဲ့ဖွံ့ဖြိုးမှုဟာလည်း အရှိန်အဟုန်မြင့်မားလာမှာသာ ဖြစ်ပါတယ်။ ။

"အမှန်တော့ နိုင်ငံတော်ရဲ့တာဝန်က ပုဂ္ဂလိကစီးပွားရေးတိုးတက်နိုင်မယ့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရမှာသာဖြစ်တယ်။ ပိုင်ဆိုင်မှုကို အာမခံရမယ်။ တရားဥပဒေရဲ့ အကာကွယ်ပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ "ရေမြင့်မှ ကြာတင့်" ဆိုသလို ပုဂ္ဂလိကစီးပွားရေးစနစ် တိုးတက်ဖွံ့ဖြိုးမှုရှိမှ နိုင်ငံရဲ့ ဖွံ့ဖြိုးမှုဟာလည်း အရှိန်အဟုန်မြင့်မားလာမှာသာ ဖြစ်ပါတယ်"

မိတ္ထီလာမြို့နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး မဟာသန္တိသုခလာဘမုနိရုပ်ပွားတော်မြတ်ကြီး တည်ထားရန်ပြင်ဆင်

မိတ္ထီလာ စက်တင်ဘာ ၁၇

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် မင်္ဂလာဦးရပ် မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ကုန်းတော်ပေါ်၌ ဉာဏ်တော်အမြင့် ၅၁ ပေရှိသော မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တည်ထားမှုပြီးစီးပါက မြို့နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

"မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ထားကိုးကွယ်ဖို့ဆိုပြီး ၂၀၁၃ ခုနှစ်အတွင်းက ကျွန်တော့်မိဘတွေက ငွေကျပ်သိန်းသုံးရာမတည်ပြီးတော့ မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းတိုက် ပရိဝုဏ်အတွင်းမှာ ကုန်းတော်ကြီးတစ်ခု ကျောက်ရိုးစီ၊ အင်္ဂတေအခိုင်အမာနဲ့ စတင်တည်ထားခဲ့ပါတယ်။ အခုဆက်ပြီး ကျွန်တော်တို့မိသားစုက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ် မတည်လှူဒါန်းပြီး ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ဖို့ ပလ္လင်တော်ကို စတင်တည်ထားနေပါတယ်။ ရုပ်ပွားတော်မြတ်ကြီး တည်ထားပြီးသွားရင် ဂန္ဓကုဋိတိုက်ကိုလည်း တစ်ဆက်တည်းတည်ဆောက်သွားမှာဖြစ်တဲ့အတွက် အားလုံးပြီးစီးဖို့ ငွေကျပ်သိန်းသုံးထောင်ကျော်ခန့် ကုန်ကျနိုင်တယ်။ ဒါကြောင့် ခုနှစ်ရက်သားသမီးတွေလည်း ကောင်းမှုကုသိုလ်ပါဝင်လှူဒါန်းနိုင်အောင်ဆိုပြီးတော့ နောက်ပိုင်းကို အများစုပေါင်းကောင်းမှုနဲ့ မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဆက်လက်တည်ထားကိုးကွယ်မှာပါ။ ဉာဏ်တော်အမြင့် ၅၁ ပေရှိတဲ့ မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တည်ထားပြီးသွားတဲ့အချိန်မှာ ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက မိတ္ထီလာမြို့နယ်အတွင်းမှာ ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်လာမှာပါ" ဟု ဈေးအရှေ့အပြင်ရပ်ကွက် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးရဲမြင့်အောင်က ပြောသည်။

ယင်းရုပ်ပွားတော်မြတ်ကြီး ပြီးစီးရန်တည်ထားနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၏ သြဝါဒခံယူပြီး မင်္ဂလာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သီလာစာရ (အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင်ဆရာတော်၏ ဦးဆောင်မှုဖြင့် မင်္ဂလာရာမကျောင်းတိုက်မှ ဘဒ္ဒန္တ ပဏ္ဍိတ ၊ မတည်အလှူရှင် ဦးရဲမြင့်အောင်နှင့် တာဝန်ရှိသူများက ကြီးပမ်းဆောင်ရွက်လျက်ရှိပြီး ကောင်းမှုကုသိုလ် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အဆိုပါကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

အမြင်၊ အကြားအာရုံအားနည်းသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့

ရန်ကုန် စက်တင်ဘာ ၁၇
အမြင်အာရုံနှင့် အကြားအာရုံ အားနည်းသော ကျောင်းသား ကျောင်းသူများအား ကုသိုလ်တာကလှူဒါန်းသော ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ယမန်နှစ်ကလည်း ကျောပိုးအိတ်နှင့် ဗလာစာအုပ်များကို လှူဒါန်းခဲ့ကြောင်း၊ ပညာသင်ထောက်ပံ့ကြေးများကိုလည်း မူလတန်းအတွက် တစ်လလျှင် ငွေကျပ်ငါးထောင်နှုန်းဖြင့် ၁၀ လအတွက် ငါးသောင်း၊ အလယ်တန်းအတွက် တစ်လ ရှစ်ထောင်နှုန်းဖြင့် ၁၀ လအတွက် ရှစ်သောင်းနှင့် အထက်တန်းအတွက် တစ်လလျှင် တစ်သောင်းနှုန်းဖြင့် ၁၀ လအတွက် တစ်သိန်းကို ထောက်ပံ့ပေးလျက် ရှိကြောင်း၊ အမြင်အာရုံနှင့် အကြားအာရုံအားနည်းသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုလည်း ပညာသင်စရိတ် တစ်လလျှင် သုံးသောင်း ထောက်ပံ့ပေးလျက်ရှိသဖြင့် အမြင်အာရုံနှင့် အကြားအာရုံ အားနည်းသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ဆက်လက်ပညာသင်ယူကြရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ မေရီချက်ပ်မင်း နားမကြားကျောင်းရှိ ကျောင်းသား ကျောင်းသူ ၃၄၄ ဦးနှင့် အကြားအာရုံအားနည်းသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း(မရမ်းကုန်း)များသို့ သွားရောက်ပြီး အမြင်အာရုံနှင့် အကြားအာရုံအားနည်းသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
(သတင်းစဉ်)

မြိတ်မြို့ ကမ်းနားလမ်းပလက်ဖောင်းကို JICA အစီအစဉ်ဖြင့် အဆင့်မြှင့်တင်

မြိတ် စက်တင်ဘာ ၁၇
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်း သာယာလှပရေးနှင့် ပြည်သူများ အပန်းဖြေနိုင်ရေး အတွက် ကမ်းနားလမ်းပလက်ဖောင်း အရှည် ပေ ၁၅၀၀ ကို JICA အစီအစဉ်ဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ်းနားလမ်းပလက်ဖောင်း အဆင့်မြှင့်တင်ရာတွင် ကျောက်စီနံရံကို လှိုင်းပုတ်ဒဏ်ခံနိုင်ရေးအတွက် ငါးပေအရှည် သစ်သားတိုင်များဖြင့် နှစ်ပေခွဲကြား ပိုင်ရိုက်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ သံချောင်းများဖြင့် ခြောက်လက်မ ဆန်ခါကွက်များပြုလုပ်၍ ကွန်ကရစ်အောက်ခံလောင်းကာ ကွန်ကရစ်အပေါ်တွင် Floor Paint ကွန်ဂရစ်ဘလောက်တုံးများဖြင့် အလှတပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးထံမှ သိရသည်။

အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် ပလက်ဖောင်းအရှည်သည် ကမ်းနားလမ်း ဆိပ်ငယ်ဗောတံတားနှင့် နောက်လယ်ဗောတံတားအကြားတွင်ဖြစ်ပြီး အကျယ် ငါးပေ၊ အရှည် ပေ ၁၅၀၀ ဖြစ်ကာ ကျပ် ၄၂ ဒသမ ၂၃ သန်းအကုန်ကျခံ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ဩဂုတ်လ ပထမပတ်မှစတင်၍ Road Master ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တို့က ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
ခိုင်ထူး(ပြန်/ဆက်)

ထိုင်းနိုင်ငံ မဟာချိုင်တွင် မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးဂေဟာ ဆောက်လုပ်

မဟာချိုင် စက်တင်ဘာ ၁၇
ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်ရန်အတွက် ထိုင်းနိုင်ငံ မဟာချိုင်မြို့နယ် ထာ့ဆိုင်ရပ်ကွက် ခေါင်ခုလမ်းတွင် မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးဂေဟာ နှစ်ထပ်အဆောက်အအုံသစ်တစ်ခုကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆောက်အအုံကို မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်သည့် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည့် ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာအလုပ်သမား အကူအညီပေးရေး မဟာမိတ်အဖွဲ့ (AAC)က တည်ဆောက်နေခြင်းဖြစ်သည်။ ဂေဟာကို ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ ငွေအား၊ အတတ်ပညာနှင့် လုပ်အားလှူဒါန်းမှုများဖြင့် မြန်မာအလုပ်သမား အကူအညီပေးရေး AAC မဟာမိတ်အဖွဲ့က တာဝန်ခံဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန် စက်တင်ဘာလလယ်ခန့်တွင် ပင်မအဆောက်အအုံ ဆောက်လုပ်မှု ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာလအတွင်း လုပ်ငန်းအားလုံး အချောသတ်ပြီးစီးနိုင်ရန် စီစဉ်ထားကြောင်း မြန်မာအလုပ်သမားအကူအညီပေးရေး မဟာမိတ်အဖွဲ့မှ တာဝန်ခံများ၏ ပြောကြားချက်အရ သိရသည်။

